

ခေတ်ပီဖြ
အပြာရောင်ဒိုင်ယာရီ

# အခန်း(၁)

## ခေတ်ပျိုဖြူ

## အပြာရောင် ဒိုင်ယာရီ

### နိဒါန်း

ညယောင်ဆောင်တဲ့ မျက်လုံးတွေ နဲ့

အိပ်မက်လေးပေးသူရေ။

ငါ့ရဲ့ ခွန်အားတွေ ကို

ဘယ်နတ်ဆိုး ခိုးယူသွားလဲတော့ မသိဘူး။

အိပ်မက်တွေ ကြားမှာ ညပ်နေတဲ့

ချစ်ခြင်းတွေ ကို ဆွဲထုတ်ပစ်ဖို့

ငါ့စိတ်ကူးတွေ ကို ဖမ်းဆီးနေခဲ့ပေမယ့်

ရင်ထဲမှာ တော့ စကားလုံးမဲ့ရုန်ပါပဲကွယ်။

ဒါပေမဲ့ပေါ့. . .

မင်းရဲ့ ချစ်ခြင်းတွေ ကို ရရှိဖို့အတွက်

နှင်းဆီပန်းခင်းကို နမ်းရှိုက်ပြီး

အလင်းတံခါးကို ဖွင့်လှစ်ခဲ့မယ်။

နောက်. . .

လမင်းဆီက အလင်းတွေ လုပြီး

ခံစားချက်တွေ ကို မီးထွန်းခဲ့မယ်။

ပြီးမှ. . .

ငွေနှင်းရောင် ဓားတစ်လက်နဲ့အတူ

လရောင် က ကြိုး တွေ ရဲ့ နောက်မှာ

ပင့်ကူအိမ်တံတားကို ဖြတ်ပြီး

မင်းရှိတဲ့ ဝတ်မှု နံရံတိုက်ကို

ရက်ရာဇာ အမြွှာပူးကျတဲ့နေ့မှာ

(အလွမ်းသုံ့ပန်းတွေ နဲ့ပေါ့. . .)

အဲ. . .

မျှော်လင့်ချက်တွေ တော့. . .

သည်းကြိုး မပြတ်ပါရစေနဲ့ကွယ်။

•••

## အခန်း (၁)

'ငြိမ်း. . . ဒါနဲ့ဆိုရင် ဒီဖုန်းနံပါတ်ကို နှိပ်တာ လေးဆယ့်ငါးခါရှိပြီနော်၊ နင့်ဖုန်းက အစုတ်ကြီး နေမှာ ပေါ့၊ ဒီလောက်ခေါ်နေတာ ကြာလှပြီ၊ ခုထိ လိုင်းမဝင်သေးဘူး၊ ဟူး. . . တော် သေးတာပေါ့ ငြိမ်းရာ၊ ဒီနေ့ ငါ့ဆိုင်မှာ လူမလာလို့၊ နောက်မို့ဆို နင့်အကျင့်နဲ့ တခြားလူတွေ ကို အားနာစရာတွေ ဖြစ်ရမှာ '

'အသာနေစမ်းပါ၊ နင့်ဖုန်းကို ငါ အလကားနှိပ်နေတာမှ မဟုတ်တာ၊ နင့်စိတ်ကြို က် Unison မှာ တစ်ပွဲကျွေးမယ်၊ ပါးစပ်ပိတ်ထားတော့'

တစ်နာရီလောက်ကြာတော့မှ ငြိမ်း တစ်ယောက် ဖုန်းကို စိတ်ပျက်လက်ပျက်ကြီး ချပစ် လိုက်သည်။

'ဘယ်လိုလဲ မိရွှေငြိမ်း. . . ခေါ်လို့မရဘူး မဟုတ်လား၊ နင့်အကောင်ပေးထားတဲ့ ဖုန်းနံပါတ် က အမှား ုနေမှာ ပေါ့ဟာ. . .'

'မဟုတ်ဘူး. . . စစ်ရဲ့ . . . သူပြောတဲ့ဖုန်းနံပါတ်က အမှား ုဆိုရင် သူ ငါ့ဆီရေး ထားတဲ့ စာတွေ ထဲမှာ လည်း ဖုန်းနံပါတ်က ပါတာပဲ၊ မှား ုစရာအကြောင်း မရှိပါဘူးဟာ. . .'

'ငြိမ်း. . . သူနဲ့စခင်တာ ဘယ်တုန်းလောက်ကလဲ၊ ငါတို့တောင် မသိလိုက်ပါလား. . .'

'ငါ့ဓာတ်ပုံ ရတီထဲမှာ ပါတာ နင်သိတယ်နော်. . .'

'အေးလေ. . . နင်ပဲပြတာပဲ'

'သူ့ပုံကလည်း ရတီထဲမှာ ပါတာဟ၊ ငါနဲ့ တစ်အုပ်ထဲပဲ၊ ငါကစပြီး သူ့ဆီကို မိတ်ဆက်စာ ရေး လိုက်တာ၊ ငါမေ့လောက်တဲ့အချိန်ကျတော့မှ သူ့ဆီက ဖုန်းလာတာ၊ သူ့ဆီက ဖုန်းလာပြီး သိပ်မကြာပါဘူး. . . သူ့ထည့်ထားတဲ့စသာ ရောက်လာတာလေ. . .'

'ဟဲ့. . . ငြိမ်း. . . သူ့နာမည် က ဘယ်သူလဲ'

'မျိုးခင်ဝင်းတဲ့. . .'

'အယ်. . . နာမည် ကြီးကလည်း ဘယ့်နှယ်ဟာကြီးတုံး၊ တောဆန်လိုက်တာ၊ လူပုံရော ဘယ်လိုနေလဲဟင်၊ တွေ့ ကြည့်ရတာ ဇာတ်မင်းသား အခြောက်လုပ်တဲ့ပုံနဲ့ တူနေမလားပဲ. . .'

'ဟုတ်ဘူးဟ၊ ရတီထဲမှာ တော့ ဖြူး ငွေစိုးနဲ့ ခပ်ဆင်ဆင်ပဲ၊ အရမ်းကြီးတော့ ရုပ်ဆိုးပုံမပေါက် ပါဘူး၊ ဘာ ဖြစ်လဲ စစ်ရာ. . . ရုပ်ဆိုးလည်း သူငယ်ချင်းပဲ၊ ရုပ်ချောလည်း သူငယ်ချင်းပဲ. . .'

'အယ်. . . သူငယ်ချင်းလေးပါတဲ့ပေါ့. . . ဟုတ်လား'

'အင်း. . . သူ့နာမည် ကို ရတီမှာ တွေ့ တုန်းက ငါ အရမ်းရယ်မိတာဟ၊ သူ့ကိုလည်း စာထဲမှာ မေးလိုက်တယ်၊ အဲဒီ နာမည် ကို ဘယ်သူပေးတာလဲလို့လေ'

'သူက ဘာပြန်ပြောလဲ'

စစ်လေးက သိချင်ဇောနှင့် မေးသည်။

'သူ့အမေပေးတာတဲ့၊ သူလည်း သူ့နာမည် ကြောင့် တော် တော် ရှက်နေတာတဲ့၊ ဒါပေမဲ့ အခုတော့ ငါခေါ်လိုက်တဲ့နာမည် ကြောင့် မရှက်တော့ဘူးတဲ့လေ၊ အဲဒီ နာမည် လေးကိုလည်း အရမ်း နှစ်သက် လွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် ခဏခဏ ခေါ်ကြည့်မိတယ်တဲ့. . .'

'အလဲ့. . . တယ်ဟုတ်ပါလား နင်က ဘယ်လိုခေါ်လိုက်လို့လဲ ငြမ်းရဲ့. . .'

'နင်ကရော ဘယ်လိုခေါ်မယ်ထင်လဲ. . . Example ပေါ့'

'အင်း. . . ခင်ခင်၊ ဒါမှမဟုတ် ခင်ဝင်း၊ အဲ. . . မျိုး. . . အဲဒီ ထဲက တစ်ခုခုပေါ့'

'တစ်ခုမှ မဟုတ်ဘူး၊ ငါပြောပြမယ်. . . ငါ့နာမည် က ငြိမ်းချမ်းဖြိုး သူငယ်ချင်းတွေ က ငြိမ်းချမ်းလို့ ခေါ်ကြတယ်၊ အမြန်ခေါ်တော့ ငြိမ်းချမ်းက ငြမ်း ဖြစ်သွားတယ်၊ ဒါကြောင့် ငါ့ကို ဒီမြို့ တစ်မြို့ လုံးက သူငယ်တွေ က ငြမ်းလို့ခေါ်ကြတယ်၊ ငါ ကတော့ သူ့ကို သူ့နာမည် ကြီးကို ချဉ်လွန်းလို့ တမင်ရွဲ့ပြီး ခင်ဝင်းလို့ခေါ်တာ၊ အမြန် ဖြစ်သွားတာက ခွင်းတဲ့၊ ခွင်း ဆိုတဲ့နာမည် ကို တော် တော် သဘောကျသွားတယ်. . .'

'ဩော်. . . ဒီလိုကိုး. . .'

'လိမ့်တော့မယ်ဟာ. . . ဆယ့်နှစ် ခွဲသွားပြီ၊ ဗိုက်ထဲက ဂျိုကျနေပြီ၊ ညကျမှ အိမ်လာခဲ့တော့ ငါ စောင့်နေမယ်. . .'

'အေးပါ. . . တကယ်လို့ ခွင်းဆီကဖုန်းလာရင် ငါ ဘာပြောထားလိုက်ရမလဲ'

'ဒီနေ့ တစ်မနက်လုံးခေါ်တာမရလို့ ပြင်သွားတာလို့၊ စနေနေ့ (၁၂) နာရီ ပြန်ဆက်လို့. . . အဲဒါပဲ ပြောလိုက်၊ ငါ လိမ့်ပြီ'

'အေး. . . အေး. . .'

ငြမ်း တစ်ယောက် တည်း ပြုံင်ဘီးလေးနင်းရင်း အိမ်ကို ပြန်လာခဲ့သည်။ အိမ်ရောက်တော့ အန်တီတွေ က ထမင်းစားပွဲ အဆင်သင့်နှင့် စောင့်နေကြသည်။

'ဘယ်တွေ သွားနေတာလဲ သမီးရယ်၊ ဆယ့်နှစ် နာရီတောင် ခွဲနေပြီ'

'ဆင်ဖြူကျွန်းက သူငယ်ချင်း တစ်ယောက် ဆီကို ဖုန်းသွားဆက်တာ၊ စစ်တို့ဆိုင်မှာ လေ၊ ပြီးတော့ စစ်နဲ့ ထိုင်စကားပြောနေတာလေ၊ အန်တီတို့ရော စားပြီးပြီလား. . .'

'စားပြီးတာ ကြာပေါ့၊ ညည်းလေးကို စောင့်နေရင် နေ့လယ်စာ ဖြစ်သွားမှာ . . .'

ငြမ်း ထမင်းစားပြီး တစ်ရေး အိပ်ပစ်လိုက်သည်။ အိပ်ရာက နိုးတော့ ညနေ ခြောက်နာခွဲ သွားပြီ။

'အန်တီမွှေး. . . သမီးကို ဘာလို့ မနှိုးတာလဲ၊ ဒီမှာ ခြောက်နာရီဆေတာင် ခွဲသွားပြီ၊ ခဏ နေရင် စစ်တို့လာကြမှာ . . .'

'သိပါဘူးတော် . . . ညည်း နှစ် နှစ် ခြိုက်ခြိုက် အိပ်ပျော်နေလို့ မနှိုးဘဲနေတာ၊ ဒီက စေတနာ နဲ့ မနှိုးတာကို သူက အပြစ်ပြောနေသေးတယ်'

ငြမ်းက ဒီလိုပါပဲ၊ ဘာပြဿ နာမှ မဟုတ်တာကို ကြီးကြီးကျယ်ကျယ်လုပ်၍ ဂျီကျတတ် သည်။ ဒါကို အန်တီတွေ ကလည်း သိသိကြီးနှင့် ခွင့်လွှတ်ထားခဲ့သည်။ မွေးကတည်းက မိဘနှင့် အတူ မနေခဲ့ရသော ငြမ်းကို အလိုလိုက်ထားခဲ့သည်ပဲ။

ငြမ်းရဲ့ မိဘတွေ က ငြမ်းကို မမွေးခင်ကတည်းက ကွာရှင်းခဲ့ကြသည်။ ငြမ်းကို မွေးပြီး ငြမ်း ငါးနှစ် သမီးအရွယ်တွင် မေမေ နောက်အိမ်ထောင်ပြုသည်။ ငြမ်းက မေမေနဲ့အတူ လိုက်မနေဘဲ မေမေ့အစ်မတွေ ဖြစ်သော အန်တီအပျိုကြီးလေးယောက် နှင်အတူ နေခဲ့သည်။ အန်တီတွေ ကလည်း ငြမ်းကိုချစ်၍ အလိုလိုက်သည်။ ငြမ်းကလည်း အလိုလိုက်သည်ဆိုကာ အစွမ်းကုန်မဆိုး။

အနည်းငယ် ဂျိကျ ဂျစ်တိုက်တတ်တာတစ်ခုပဲ။ ဒါပေမဲ့ အလုပ်တစ်ခုကိုလုပ်ချင်ပြီဆိုရင် တော့ ဘယ်သူ့ကိုမှ ဂရုမစိုက်တတ် လုပ်ချင်တာလုပ်လိုက်ရမှ ကျေနပ်တတ်သူ။ ဒါပေမဲ့ ငြိမ်းကို ချစ်တဲ့ခင်တဲ့သူများ လှသည်။ ငြိမ်းက စိတ်သဘောထားဖြူစင်သူကိုး။ ငြိမ်းက ကလေးလေးတွေ ဆို လည်း အရမ်းချစ်တတ်သည်။ ဒီအရွယ်ကြီးရောက်နေပြီ ကလေးတွေ နဲ့ ဝင်ကစားတုန်းလေ။

သြော် မေ့လို့. . . ငြိမ်း ဖေဖေ့အကြောင်းပြောရဦးမယ်။ ငြိမ်းဖေဖေက ငြိမ်းမေမေနဲ့ ကွဲသွား ပြီးကတည်းက နိုင်ငံခြားထွက်သွားတာ။ နိုင်ငံခြားသူနဲ့ အိမ်ထောင်ကျပြီး ဟိုနိုင်ငံသားအ ဖြစ် ခံယူ လိုက်ပြီ ဖြစ်သည်။ ငြိမ်းအတွက် ပိုက်ဆံတွေ ၊ လက်ဆောင်တွေ ကတော့ လတိုင်းပို့ပေးသည်။

ငြိမ်းဟာ အပြင်ပန်းကြည့်ရင်တော့ အမြဲပျော်ပျော်ရွှင်ရွှင်နေတတ်သော ကောင်မလေး တစ်ယောက် ပေါ့။ တကယ်တော့ ငြိမ်း အဲလိုနေတာဟာ ငြိမ်းဘဝကို မေ့ထားချင်လို့ပဲ ဖြစ်သည်။ ငြိမ်းမှာ အားနည်းချက်ရှိသည်။ ငြိမ်းဘဝကို ငြိမ်းမကျေနပ်။ အမြဲအားငယ်နေတတ်သည်။ လူတစ် ယောက် ယောက် နှင့် စကားပြော အဆင်မပြေသည့် အခါမျိုးဆို အရမ်းဝမ်းနည်းတတ်သည်။ ငါ့ဘေးမှာ ဖေဖေ မေမေ တို့ မရှိလို့ ဒီလို ဖြစ်ရတာ ဆိုတဲ့အတွေး အမြဲဝင်သည်။

ငြိမ်းက အားငယ်တတ်သလောက် မျက်ရည်လွယ်သည်။ ဒါကလည်း ငြိမ်းရဲ့ ခံစားချက်နှင့် ငြိမ်းပဲ ဖြစ်သည်။ ဒါပေမဲ့ ငြိမ်း ကတော့ အားလုံးအပေါ်မှာ ကောင်းအောင်နေသည်။ ငြိမ်း ကောင်း အောင်နေသလောက် ငြိမ်းအပေါ်မှာ တော့ မဟုတ်တာလာမလုပ်နဲ့ ငြိမ်း ရင်ဆိုင်ဖို့ ဝန်မလေးတတ်။

ငြိမ်း ရေချိုးပြီးတော့ ဘာမှမလိမ်းဘဲ ဂျင်းဘောင်းဘီအတိုတစ်ထည် ယူဝတ်၍ T-shirt တစ်ထည် ကောက်စွပ်လိုက်သည်။ ငြိမ်း အခန်းတံခါးပိတ်နေစဉ် အိမ်ရှေ့မှ. . .

'ငြိမ်းရေ. . . စစ်တို့ရောက်နေပြီနော်၊ မြန်မြန်လုပ်. . .'

'ပြီးပါပြီ အန်တီရဲ့. . .'

'ဒါနဲ့ အခု ဘယ်သွားမှာ တုံး၊ သိပ်အကြာကြီးမနေနဲ့. . .'

'ဒီလမ်းထိပ်က ဆိုင်တင်ပါ၊ မကြာဘူး. . . စိတ်ချ၊ ဟိုမှာ ဆရာမ မေသင်းလှိုင်လည်း ပါတယ်'

'သြော်. . . ဆရာမ ပါတာကိုး၊ အေး. . . သွား သွား'

ငြိမ်း အောက်ရောက်တော့ စစ်က. . .

'ငြိမ်း. . . နင့်စက်ဘီး မယူနဲ့၊ ငါနဲ့အတူစီးမယ်'

'ပြီးတာပဲ၊ ဆရာမ . . . စားပြီးပြီလား. . .'

'အေး. . . ပြီးပြီ၊ ငြိမ်းရော. . .'

'ဟီး. . . ငြိမ်းက ခုမှ ရေချိုးပြီးတာ၊ ပြန်မှစားမှာ . . .'

ဆရာမ မေသင်းလှိုင်ဆိုင်တာ ငြိမ်းတို့ (G.T.I) တက်တုန်းက ရင်းနှီးခဲ့သော Major ဆရာမ ဖြစ်သည်။ ဆရာမ က 'ငြိမ်း' တို့သူငယ်ချင်းတစ်ဖွဲ့လုံးကို ချစ်သည်။ ငြိမ်းတို့ကလည်းဘဲ ဆရာမ ကို ချစ်သည်။

'ဟဲ့ စစ်. . . နွေးထွေးတို့ ဟေမွန်တို့ရော မပါကြဘူးလား. . .'

'ဟေမွန်က သူ့အဘိုးအဘွားတွေ ရဲ့ ရွာကို နေ့လယ်က အလည်လိုက်သွားတယ်၊ နွေးထွေး က Unison မှာ စောင့်နေတယ်. . .'

'ငြိမ်း ဒီနေ့ပိုင်းက ငြိမ်းရှင်းမှာ ဆို၊ ဆရာမ ကို စစ် ပြောလို့. . .'

'ဟုတ်တယ် ဆရာမ . . .'

'သြော်. . . ငြိမ်း. . . နေ့လယ်က နင်ပြန်ပြီးမှ ဖုန်းလာသေးတယ်. . .'

'ဟယ်. . . ဟုတ်လား၊ ဘာပြောသေးလဲဟင်၊ ငါမှာ တာကိုရော ပြောလိုက်လား၊ သူက ဘာပြောသေးလဲ'

‘ဖြည်းဖြည်းမေးပါ ငြိမ်းရာ၊ ငါ အကုန်ပြောပြမှာ ပါ’

ဆိုင်ကိုရောက်တော့ နွေးထွေးထိုင်နေသည့်ဝိုင်းမှာ ဝင်ထိုင်လိုက်သည်။

‘ကဲပြော. . . စစ်၊ သိပ်အထာမကိုင်နဲ့. . .’

‘နင့်ရဲ့ ခွေး အဲ. . . Sorry ခွင်း၊ နင့်ရဲ့ ခွင်း စနေနေ့ ဖုန်းစောင့်နေပါတဲ့၊ သူဆက်မယ်တဲ့၊ ပြီးတော့ ဒီကို ဗုဒ္ဓဟူးနေ့ ဟိုကထွက်မှာ တဲ့၊ ဒီကို သော ကြာနေ့ရောက်မှာ . . .’

‘အယ်. . . ဒုက္ခပဲ၊ သူ့ကို ဘယ်မှာ ထားရမလဲ၊ အိမ်မှာ က အပျိုတွေ ချည်းပဲနေတာဆိုတော့ ထားလို့ မရဘူး စစ်. . . နင်တို့အိမ်မှာ ထားမယ်. . .’

‘ဟာ. . . မလုပ်ပါနဲ့၊ အဖေနဲ့ တွေ ့သွားရင် မလွယ်ဘူး’

‘ဒုက္ခပဲ. . . ဆရာမ လုပ်ပါဦး၊ ငြိမ်း ဘယ်လိုလုပ်ရမလဲ’

ဆရာမ နဲ့ နွေးထွေးက အားပါးတရ ရယ်ပြီး. . .

‘ငြိမ်း. . . နင့်ဟာက တစ်ခါမှလည်း မမြင်ဖူးဘူး၊ စာရေး ဖုန်းဆက်တာပဲရှိတယ်၊ အဲဒါ ကလည်း သိပ်မကြာသေးဘူး မဟုတ်လား. . .’

‘အခု သူကလာတော့ နင် ဘယ်လိုလုပ်မလဲ၊ ကိုယ်က မဟုတ်တာမလုပ်ဘူးဆိုပေမယ့် လူကြီးတွေ နဲ့ သေချာတိုင်ပင်တာ အကောင်းဆုံးပဲ. . .’

‘ဟုတ်တယ် ငြိမ်း. . . ဆရာမ လည်း နွေးထွေးပြောတာ လက်ခံတယ်၊ ငြိမ်းရဲ့ အန်တီတွေ ကို ပွင့်ပွင့်လင်းလင်း ပြောပြပေါ့. . .’

‘ဟုတ် ဆရာမ ၊ ငြိမ်း အိမ်ရောက်ရင် ပြောပြလိုက်မယ်လေ၊ သူလာရင် နေဖို့ထိုင်ဖို့ လူကြီး တွေ စီစဉ်လိမ့်မယ်. . .’

‘ရှစ်နာရီတောင်ခွဲတော့မယ်၊ ဆရာမ တို့ ပြန်ရအောင်၊ ကဲ. . . ငြိမ်းကို အရင်လိုက်ပို့ရ အောင်’

ငြိမ်း အိမ်ရောက်တော့ အန်တီတွေ လူစုံနေပြီ၊ ငြိမ်း ထမင်းစားပြီး အင်္ကျီလဲလိုက်သည်။ ပြီးတော့ အန်တီတို့ကို. . .

'အန်တီတို့. . . အဲဒီ TV ခဏပိတ်၊ သမီးပြောစရာရှိလို့. . .'

အန်တီတွေ က TV ပိတ်ပြီး ငြိမ်းကိုပြုံး ၍ . . .

'အံ့မယ်. . . ထူးထူးဆန်းဆန်း၊ ကဲ. . . ဘာပြောမလို့လဲ. . .'

'ဟို. . . သမီးသူငယ်ချင်း ဆင်ဖြူကျွန်းက ကောင်လေးကို သိတယ်နော်. . .'

'မဂ္ဂဇင်းထဲက ကောင်လေးလား၊ သမီးနဲ့ ဖုန်းဆက်၊ စာရေး လုပ်လုပ်တဲ့ကလေးလေ. . .'

'အင်း. . . ဟုတ်တယ်၊ သူက ဒီကိုလာလည်မှာ ၊ ပေလီကို မရောက်ဖူးလို့လေ. . .'

'အဲတော့. . . အဲဒီ ကောင်လေးလာရင် ဘယ်မှာ ထားမှာ တုံး'

'အေးလေ. . . မိန္ဒြေငြိမ်းတို့လုပ်လိုက်ရင် ဘယ်တော့မှ ငါတို့နောက်က မလိုက်ရတာ မရှိဘူး၊ အခု ဘယ်လိုလုပ်မှာ တုံး. . .'

'သိဘူးလေ. . . ဗုဒ္ဓဟူးနေ့ ထွက်လာမှာ ၊ သော ကြာနေ့ ဒီကိုရောက်မှာ ၊ အန်တီတို့ စီစဉ်လေ၊ သမီးသူငယ်ချင်းကိုတော့ သမီးမျက်နှာ မပျက်ချင်ဘူးနော်၊ မစီစဉ်ရင်တော့ သူရောက် ရင် အန်တီပေါက် ခြင်ထောင်ထဲ သိပ်မှာ ပဲ'

ငြိမ်းက ပြောပြီးတာနဲ့ အခန်းထဲဝင်ခဲ့တော့သည်။ အန်တီပေါက် တစ်ယောက် သာ. . .

'ဟမ်. . . အစုတ်ပလုတ်မ၊ သူ့ပြဿ နာကို ငါ့ခြင်ထောင်ထဲ ထည့်ဦးမယ်၊ နင့်အခန်းထဲ ထည့်သိပ်မှာ ၊ ကြပ်ကြပ်သတိထား'

'ကဲ. . . တော် ပါတော့ မလေးရယ်၊ အခု စဉ်းစားရမှာ က ဟိုကလေးလေးလာရင် ထားဖို့ စဉ်းစားရမှာ . . .'

'အေး. . . နင်တို့ ကြပ်ကြပ်အလိုလိုက်၊ နင်တို့အလိုက်လိုက်မှန်းသိလို့ ဒီဟာမလေး ထင်တိုင်းကြဲနေတာ၊ အခု ဘယ်လိုလုပ်မှာ တုံး၊ အိမ်မှာ တော့ထားလို့ လုံးဝ မဖြစ်ဘူးနော်'

'အိမ်မှာ တော့ မထားပါဘူး၊ နေဦး. . . ကိုကိုတို့အိမ်မှာ ဆိုရင်ရော. . .'

'အောင်မယ်လေး. . . နင့်ယောက် မက ပွစိပွစိနဲ့ ပြဿ နာရှာမှာ၊ သူ့အချစ်တော် ငြိမ်းကို ပြောမှာ မဟုတ်ဘူး၊ ငါတို့ကိုပဲ ဆူမှာ၊ မလုပ်နဲ့ မမွေး'

'အဲဒါဆို ဘယ်လိုလုပ်မလဲ၊ အဲ သိပြီ. . . သတ္တိက တစ်ယောက် တည်းနေတာ မဟုတ်လား၊ သတ္တိကိုပြောပြီး သတ္တိနဲ့ အတူထားရင်ရော. . .'

'အင်း. . . ဟုတ်တယ်၊ အိမ်ကလည်း နီးနီးနားနားဆိုတော့ မမွေး. . . အဲဒါဆို နင မနက်ကျရင် ပြောထားလိုက်ပေါ့'

'အေးပါ. . . ငါ မနက်ပြောလိုက်မယ်. . .'

သူမတို့ ညီအသစ်မတွေ ဒီတူမလေး တစ်ယောက် တည်းကို ဝိုင်းပြီး အလိုလိုက်ကြသည်။ ငယ်ငယ်ကတည်းက မိဘနှင့် အတူမနေခဲ့ရသူလေးမို့ ပတ်ဝန်းကျင်မှာ မျက်နှာမငယ်ရအောင်ထား ပေးခဲ့သည်။ အပျိုကြီးတွေ ဆိုတော့ သူမတို့ရှာသမျှဟာ ငြိမ်းအတွက်ပဲ ဖြစ်နေတော့သည်။

•••

# အခန်း(၂)

အမှတ်ရတိုင်း

အနာဂတ်ကို စုံစမ်းကြည့်ခဲ့ဖူးပါတယ်။

အဲသလိုမျိုးပေါ့

ကြယ်ရောင် လက်ကျန်တွေ နဲ့အတူ

ငါ့ခံစားမှု တွေ က လွင့်လွင့်မျောမျော၊

ငါ့ရင်ခုန်သံတွေ က ဆိုးဆိုးဆတ်ဆတ်။

ငါ့နှလုံးသွေးတွေ က ဆူဆူဝေဝေ။

အဲ. . . အိပ်မက်ဆိုတာ

အခွံနွှာစားလို့ရတဲ့ သစ်သီးတစ်လုံး မဟုတ်ဘူး။

တကယ်တမ်းတော့ (အိပ်မက်ဆိုတာ)

တိတ်ဆိတ်ညရဲ့ ပင်လယ်ပြင်ထဲက

ရေပွက်တွေ လိုပါပဲကွယ်။

•••

## အခန်း (၂)

ငြိမ်း တစ်ယောက် ကလေးတစ်သိုက်နှင့် ဇယ်တောက်တမ်းကစားနေရာမှ ရုတ်တရက်. . .

'ခိုင်ဇာသွယ်. . . ဒီနေ့ ဘာနေ့လဲ'

ငြိမ်းမေးလိုက်သော ဆယ်နှစ် အရွယ် ကောင်မလေးက စဉ်းစားပြီး. . .

'စနေနေ့လေ ဘာ ဖြစ်လို့လဲ. . .'

'ဟိုက်. . . သွားပြီ၊ အခု ဘယ်နနာရီတောင်ထိုးပြီလဲ၊ ဟယ်. . . ဆယ့်တစ်နာရီတောင် ကျော်ပြီ၊ ဒုက္ခပါပဲ၊ မငြိမ်း ဖုန်းချိန်းထားတာရှိလို့ အပြင်သွားလိုက်ဦးမယ်၊ နောက်မှ ဆက်ကစား မယ်နော်. . .'

'ဟာ. . . မငြိမ်းက လုပ်ပြီကွာ၊ ဒီမှာ ကစားလို့ ကောင်းနေတုန်းကို မြန်မြန်ပြန်လာနော်'

'အေးပါဟာ. . .'

ငြိမ်း အိမ်ထဲမှ စက်ဘီးလေးကို ကပျာကယာထုတ်ကာ. . .

'အန်တီပေါက်. . . သမီး စစ်တို့ ဆိုင်ခဏသွားလိုက်ဦးမယ်၊ မကြာဘူး. . . အခု ပြန်လာ မှာ ၊ ပြန်မှ ထမင်းစားမယ်နော်. . .'

'အကြာကြီးမနေနဲ့ဦး. . .'

'ဟုတ်. . .'

စက်ဘီးကို မြန်မြန်လေးနင်းကာ စစ်တို့ ဆိုင်ရောက်တော့. . .

'စစ်. . . စစ်. . . ဖုန်း ဖုန်း လာပြီလား၊ ဟူး. . . မောလိုက်တာ'

'ဟဲ့. . . ဘယ်လို ဖြစ်လာတာလဲ၊ ရှုပ်ပျာရှုပ်ပျာနဲ့ တစ်ခေါက်လာပြီးပြီ၊ နင် မရောက်သေး ဘူးလို့ ပြောထားတယ်၊ သူ ထပ်ဆက်မယ်တဲ့'

'တော် ပါသေးရဲ့ '

'နင်ကလည်း ဒီနေ့ ဖုန်းဆက်မယ်ဆိုတာ သိရဲ့ သားနဲ့ ဘာလို့ နောက်ကျရတာ လဲ'

'အဟီး. . . ငါ မေ့နေတာ ကလေးတွေ နဲ့ ဇယ်တောက်တမ်း ကစားနေတုန်း အခုမှ သတိရလို့'

‘ဖြစ်ရမယ် နင် ကတော့. . .’

‘တူ. . . တူ. . . တူ. . .’

‘ဟယ်လို. . . လုပ်ပါတယ်၊ အခုပဲ ရောက်တယ် ခဏကိုင်ထားနော်. . .’

စစ်က ရယ်ရင်း. . .

‘ရော့ ရွှေငြိမ်း. . . နင့် ခွင်း’

‘ဟယ်လို ခွင်း’

‘ငြိမ်း. . . ငါ ဖုန်းဆက်မယ်လို့ ပြောထားတာကို ဘာလို့ စောစော စောင့်မနေတာလဲ’

‘နင်က အချိန်အတိအကျမှ မပြောတာ၊ ငါက ဘယ်အချိန်လာစောင့်ရမလဲ၊ စနေနေ့တစ်နေ့ လုံး ထိုင်စောင့်ရမှာ လား၊ ငါ့မှာ အလုပ်ရှိသေးတယ်. . .’

‘ဘာအလုပ်တုံး’

‘ဆော့နေတာလေ၊ ကလေးတွေ နဲ့ ဇယ်တောက်နေတာ၊ အခုတောင် ပွစိပွစိနဲ့ ကျန်ခဲ့ကြ တာ’

‘အလုပ်ကြီး အကိုင်ကြီးကိုး’

‘ကလေးပဲဟာ’

‘ဘာကလေးတုံး’

‘မပြောနဲ့ကွာ အသက်နှစ် ဆယ်မပြည့်သေးရင် ဒါ ကလေးပဲပေါ့. . .’

‘ခွင်း. . . ဒါနဲ့ နင် ဗုဒ္ဓဟူးနေ့ ထွက်လာမှာ နော်၊ သော ကြာနေ့ ရောက်မှာ ပေါ့. . .’

‘အင်း. . . ဟုတ်တယ် နင် လာကြိုမှာ မဟုတ်လား၊ ငါ့ကို တစ်ယောက် တည်းတော့ ပစ်မထားနဲ့နော်. . .’

'အေးပါဟဲ့. . . ငါ လာမကြိုမချင်းတော့ကားဂိတ်ထဲကနေ ဘယ်မှမထွက်နဲ့'

'အေးပါ. . . ဒါနဲ့ နင့်အန်တီအပျိုကြီးတွေ နဲ့ အဆင်ပြေပါ့မလား ငါ ကြောက်တယ်ဟ'

'နင် လာမှာ သာ လာစမ်းပါဟာ ကျန်တာ ငါ့တာဝန်ထား. . .'

'အေးပါ ကျေးဇူးပဲ'

'ဒါဆို ဒီလောက်ပဲဟာ၊ ငါ မိုက်ဆာပြီ'

'ထမင်း မစားရသေးဘူးလား'

'ဆော့နေတာက ထလာတာပါဆို၊ ပြန်မှစားရမှာ '

'ဟာ. . . အဲဒါဆို ဒါပဲနော်၊ နောက်မှတွေ ့တာပေ့ါ'

'အေး. . . အဲဒါဆို ငါ ဖုန်းချလိုက်ပြီနော်'

'ကဲ စစ်. . . ဘယ်လောက်လဲ'

'တစ်ထောင်ပဲပေး'

'အောင်မယ်လေး စစ်ရဲ့. . . . ရက်စက်လိုက်တာ ခုနစ်ရာပဲပါတယ်၊ အကြွေးမှတ်ထားလိုက်'

'ဟိုဘက် အစိမ်းရွက်ကြီးက ဘာလဲ'

'အဲဒါလေးတော့ ချမ်းသာပေးပါဟာ၊ ညနေ စာအုပ်အပ်ရမှာ မို့လို့ ငှားထားတာ လေးရက်ရှိ သွားပြီ၊ မေ့နေလို့ မအပ်ရသေးဘူး. . .'

ငြိမ်းက ပြောရင်း စက်ဘီးလေးဆွဲယူကာ ထွက်လာခဲ့တော့သည်။

•••

ငြိမ်း တစ်ယောက် ဒီနေ့ ဂနာမငြိမ်၊ အိမ်ရှေ့ခန်းမှာ ဟိုဘက်လျှောက်လိုက်

ဒီဘက်လျှောက် လိုက်ဖြင့် လှုပ်စိရှနေသည်။ စိတ်ထဲမှလည်း. . .

'ဘယ်လိုလုပ်ရမလဲ. . . မနက်ဖြန် တစ်ယောက် တည်းသွားကြို့လို့တော့ မ ဖြစ်ဘူး၊ စစ် ကလည်း ပေလီပြန်သွားပြီ၊ နွေးထွေး. . . ဟုတ်ပြီ. . . သူ့ကို သွားခေါ်ရမယ်'

ငြိမ်း တစ်ယောက် ခွင်းကိုကြို့ဖို့အတွက် အလုပ်ရှုပ်နေခြင်းပါ၊ မနက်စောစော တစ်ယောက် တည်းသွားကြို့ဖို့ဆိုတာ ဘယ်လိုမှ မသင့်တော် ။ အန်တီတို့ကလည်း လွှတ်မှာ မဟုတ်။ နွေးထွေးနဲ့ နှစ် ယောက် သွားရင်တော့ အဆင်ပြေသည်။ သို့နှင့် ငြိမ်း နွေးထွေးတို့အိမ်ဘက် ထွက်လာခဲ့သည်။

နွေးထွေးတို့အိမ်ရောက်တော့ နွေးထွေးအစ်မကြီးနှင့် တွေ့သည်။

'ဟယ်. . . ငြိမ်းလေးပါလား၊ ဘယ်က မျက်စိလည်ပြီး ရောက်လာတာလဲ. . .'

'ဒီကိုပဲ မကြီး. . . နွေးရော. . .'

'ရှိပါ့. . . ထမင်းစားနေတယ်၊ ခုနကမှ ဆိုင်ကရောက်လို့၊ အထဲဝင်သွားလိုက်လေ
'

ငြိမ်း အိမ်နောက်ဖေးဘက် ဝင်ခဲ့လိုက်သည်။ ထမင်းစားနေသော နွေးထွေးက. . .

'ငြိမ်း. . . လာ ထမင်းစားပါဦးလား'

'မစားတော့ဘူး. . . နွေး. . . နင့်ကို ငါ အကူအညီတောင်းမလို့. . .'

'ဘာတုံး. . . ပြောလေ. . .'

'မနက်ဖြန် ခြောက်နာရီလောက် နင်အားလား၊ အားရင် ငါ့အိမ်ကို လာခဲ့ပါလား၊ ခွင်းကို သွားကြို့မလို့၊ ငါ တစ်ယောက် တည်း ဖြစ်နေလို့. . .'

'ဟယ် ငြိမ်းရယ်. . . ငါလည်း ကြို့ချင်ပါတယ်၊ နင့် သူငယ်ချင်းကို မြင်ဖူးချင်တာပေါ့၊ ဒါပေမဲ့ ဆိုင်မှာ မနက်ဖြန် ငါစောင့်ပေးရမှာ ၊ မမီတို့ လင်မယားကလည်း ဒီနေ့ ညနေ ရွာဘက်ကို ခဏသွား လည်ကြမလို့၊ ဆိုင်မှာ ငါမရှိလို့ မ ဖြစ်ဘူး'

'ဟုတ်လား. . . အေးလေ. . . ဘယ်တတ်နိုင်မလဲ၊ မမီးရှိရင်တောင်မှ သူတို့ဆိုင်မှာ ခဏ ထားခဲ့လို့ ရသေးတယ်၊ ငါ စဉ်းစားလိုက်ဦးမယ်ဟာ၊ ဘယ်သူ့ကို ခေါ်သွားရင် ကောင်းမလဲ. . .'

'စစ်ကို ခေါ် သွားပါလား'

'စစ်က မနေ့ကပဲ သူ့အမေနေမကောင်းလို့ ပေလီကို ပြန်သွားတယ်ဟ၊ ဟေမွန်ကလည်း မရောက်သေးဘူး'

'အေးဟာ. . . ဘယ်လိုလုပ်ရမလဲ'

'နေဦး. . . ငါ့မောင်လေး ထူးခြားကိုပဲ ခေါ်သွားတာ ကောင်းမယ်ထင်တယ်. . .'

'အေး. . . တစ်ယောက် တည်းသွားတာထက်စာရင် ထူးခြားလေးပါတော့ ပိုကောင်းတာပေါ့၊ ငါလည်း အားရင်အားသလို ထွက်လာခဲ့ပါ့မယ်၊ ငါနဲ့ မိတ်ဆက်ပေးဦးနော်. . .'

'အေးပါဟာ. . . ငါ့မှာ သူငယ်ချင်းဆိုလို့ နင်တို့တွေ ပဲ ရှိတာကို သြော်. . . နင် ပိုက်ဆံ အဆင်ပြေရင် ငါ့ကို နည်းနည်း ဆပ်ဦးနော်၊ ညှော့သည်လာရင် ကျွေးဖို့အတွက် အခုလောလော ဆယ် ငါ့လက်ထဲမှာ တစ်ကျပ်မှ မရှိသေးဘူး'

'အေးပါဟယ်. . . မမီးတို့ပြန်လာရင်တော့ အဆင်ပြေမှာ ပါ၊ အဲဒီ ခါမှ ယူနော်၊ နင့်ကျေးဇူး မမေ့ပါဘူး ငြိမ်းရယ်. . .'

'ဒါဆို ငါ ပြန်တော့မယ် နွေး. . .'

'အေး. . . ငါ အားတာနဲ့ လာခဲ့မယ်. . . သိလား'

'အေးပါ. . .'

မမီးဆိုတာ နွေးထွေးရဲ့ အစ်မအလတ် ဖြစ်သည်။ နွေးထွေး၏ အစ်မ မမီးက အထည်ဆိုင် ဖွင့်မည် ဆိုတော့ နွေးထွေးကလည်း ရှယ်ယာထည့်ချင်သည်။ သို့ပေမယ့် နွေးထွေးတွင် ရှိသည့် ပိုက်ဆံနှင့် မလောက်။ ထိုအချိန်တွင် ငြိမ်း ဖေဖေဆီမှ ငြိမ်းအတွက်

ပစ္စည်းတွေ နှင့် ပိုက်ဆံတွေ ရောက်သော အချိန် ဖြစ်သည်။ ပိုက်ဆံတွေ က ငြိမ်းအတွက် အခုလောလောယ် မသုံးမလိုသေး။ နွေးထွေးမှာ က လတ်တလောလိုနေသော ကြောင့် ငြိမ်းက သူငယ်ချင်း ဖြစ်သော နွေးထွေးကို အရင်းအနှီးစိုက်ထုတ်ပေးထားခြင်း ဖြစ်သည်။

နွေးထွေးက အတိုးပေးမည် ဟုပြောသော်လည်း ငြိမ်းက မယူခဲ့ချေ။ ငြိမ်းအတွက်လည်း မလိုအပ်သေးသဖြင့် လိုအပ်ရင် လိုအပ်သလို ယူမယ်လို့ ပြောထားပါသည်။

'အင်း. . . မနက်ဖြန် ထူးခြားလေးကိုခေါ်ဖို့အတွက် မေမေတို့ အိမ်ကို အခုတစ်ခါတည်း ဝင်ပြောမှ. . .'

ထူးခြားဆိုတာ ငြိမ်းမေမေ နောက်အိမ်ထောင်နှင့် ရသော ကလေး ဖြစ်သည်။ ငြိမ်းရဲ့ မအေတူ ဖအေကွဲ မောင်လေးပေ့ါ။ မေမေ့မှာ ကလေးနှစ် ယောက် ရှိသည်။ နှစ်ယောက် စလုံး ယောက်ျားလေးတွေ ။ တစ်ယောက် က ရှစ်တန်း၊ နာမည် က ဖိုးကော်၊ ထူးခြားကတော့ ငါးတန်း။ မေမေတို့အိမ်ရောက်တော့ ဖိုးကော်နှင့် ထူးခြားက အိမ်ရှေ့တွင် ဆော့နေကြသည်။

'ဖိုးကော်. . . မေမေရှိလား'

'ရှိတယ် မမ၊ အိမ်ခန်းထဲမှာ လား မသိဘူး၊ မမ စားပြီးပြီလား'

'မစားရသေးဘူး၊ အခုမှ နွေးတို့အိမ်က ပြန်လာတာ'

'ထူးတို့လည်း မစားရသေးဘူး၊ ထူးတို့နဲ့ တစ်ခါတည်း ဝင်စားပါလား. . .'

'ဟုတ်တယ် မမ၊ ဒီနေ့ ဖိုးကော်တို့အိမ်မှာ ဟင်းကောင်းတယ်. . .'

'ဘာဟင်းတုံး၊ ကဲ. . . ပြောစမ်းပါဦး. . .'

'ကြက်သားချက်တယ်၊ ချဉ်ပေါင်နဲ့ ဘူးသီးနဲ့ ရောချက်တယ်၊ မမအကြိုက် ငါးနီတူကို ငရုတ် သီးစပ်စပ်နဲ့ သုပ်တယ်၊ ပြီးတော့ သခွားသီးတို့နဲ့ ငါးပိကြော်. . . ဘယ်လိုလဲ. . .'

'အားပါး. . . ဟင်းတွေ တယ်ကောင်းပါလား၊ ထီပေါက်လို့လား၊ စားမှာ နော်၊ မမ အကုန် စားပစ်မှာ . . .'

'ဟော. . . သမီးလေး. . . ဘယ်တုန်းက ရောက်နေတာလဲ'

'ခုနကမှ၊ မေမေ မနက်ဖြန် ထူးလေးကို ခြောက်နာရီလောက် အိမ်ကို လွှတ်ပေးပါလား၊ ဟိုတစ်ခါ သမီးပြောတဲ့ သူငယ်ချင်း မနက်ရောက်မှာ ၊ သွားကြိုရမှာ သမီး တစ်ယောက် တည်း ဖြစ်နေ လို့ ထူးကို ခေါ်သွားမလို့'

'ခေါ်သွားလေ၊ မနက်ခြောက်နာရီမှတ်လား၊ မေမေ လွှတ်လိုက်မယ်လေ'

'ဟုတ်. . . ထူး. . . နောက်မကျစေနဲ့နော်၊ စောစောလာခဲ့'

'သမီးလေး ထမင်းစားပြီးပြီလား'

'မစားရသေးဘူး'

'မေမေ. . . မမက ထူးတို့နဲ့ ထမင်းအတူစားမလို့'

'အေး. . . အေး. . . မေမေခူးလိုက်မယ်နော်'

'သမီးလည်း ကူပေးမယ်လေ. . .'

ထမင်းစားပွဲပြင်ပြီး ငြိမ်းတို့သားအမိလေးယောက် ထမင်း အတူတူစားကြသည်။ မေမေ့ နောက်အမျိုးသားက အလုပ်သွားနေ၍ အိမ်တွင် မရှိ။ ထို့ကြောင့် ငြိမ်း ဝင်စားခြင်းပါ။ နောက်မို့ဆို ငြိမ်း လုံးဝစားလိမ့်မည် မဟုတ်။ ငြိမ်းက မေမေ့ကို ထိုအမျိုးသားနှင့် လုံးဝ သဘောမတူပါ။ ငြိမ်းရဲ့ စိတ်က ကလေးဆန်လွန်းတာပဲ ဖြစ်လိမ့်မည် ။ ထူးခြားနှင့် ဖိုးကော်လေးက ငြိမ်းပန်းကန်ထဲသို့ ဟင်းတွေ အလုအယက်ဝိုင်းထည့်ပေးကြသဖြင့် ငြိမ်းနှင့် မေမေမှာ မျက်ရည်များ ထွက်သည်အထိ ရယ်မောခဲ့ကြသည်။ မေမေ မျက်ရည်ထွက်တာ ရယ်မောလို့ ဖြစ်နိုင်ပေမယ့် ငြိမ်း မျက်ရည်ထွက် တာ ကတော့ ရယ်မောရလွန်းလို့ လုံးဝမဟုတ်တာ သေချာသည်။

ငြိမ်းစိတ်ထဲမှာ တော့ ဒီမိသားစုထမင်းဝိုင်းဟာ ငြိမ်းရယ်၊ ဖေဖေရယ်၊

မေမေရယ် ဒီမောင် လေးနှစ် ယောက် ရယ်ဆိုရင် ဒီထက် ပျော်စရာကောင်းဦးမှာ ပါ။
အခုတော့ ဘာကြောင့် များ ငြိမ်းဟာ ဒီလို ပျော်ရွှင်မှု မျိုး မရခဲ့တာပါလိမ့်။

•••

# အခန်း(၃)

အမှတ်ရတိုင်း

အချစ်ရယ်

လက်ဖက်ရည်နဲ့ ဆေးလိပ်ဟာ

ငါ အကြိုက်ဆုံး အာဟာရတွေ ပါ။

အချစ်က ဖြတ်ဆို ဖြတ်ပ့ါမယ်။

(ဒါပေမဲ့) ငါ့ကိုတော့။

ချစ်သူမျက်ဝန်းတွေ ရဲ့ စွဲဆောင်မှု တွေ ကို

ခဏခဏ ခိုးကြည့်မိရင်းနဲ့

အိပ်မက်တွေ ထင်တိုင်းကြဲခဲ့ဖူးတယ်။

အမေဖုံတောထဲက ကောက်ကြောင်းတွေ နဲ့အတူ

ကြည်လဲ့လဲ့မျက်ဝန်းတွေ နဲ့ ဖြားယောင်းခံရတုန်းကပေါ့။

တကယ်တမ်းတော့. . .

သွေးရောင် တောက်နေတဲ့ ငါ့ အသည်းနှလုံးက

ခံစားမှု တွေ ပွင့်မထွက်ဖို့ မျိုသိပ်ခဲ့ရတာ

ခက်ခဲလွန်းခဲ့ပါတယ်ကွယ်။

•••

ငြမ်း မနက်လေးနာရီကတည်းက နိုးနေသည်။ စောင်ခြုံထဲမှာ တွေ းရင်း ဒီအချိန်ဆိုရင် ကားဝင်လောက်ပြီ။ ဒါပေမဲ့ အပြင်မှာ မှော င်နေတုန်းမို့ သွားလို့မ ဖြစ်။ ဒါနဲ့ပဲ ပြန်အိပ်လိုက်သည်။ တစ်ရေး နိုးလို့ နာရီလှမ်းကြည့်လိုက် ခြောက်နာရီထိုးဖို့ မိနစ်နှစ် ဆယ်လိုသေးသည်။ အိပ်ရာမှ မြန်မြန်ထကာ မျက်နှာသစ်၊ သွားတိုက်နေစဉ် ထူးခြားရောက်လာသည်။

'မမငြမ်းတို့များ အရင်ဆို ကိုးနာရီထိုးတာတောင် မထသေးဘူး၊ အခုမှ ဝီရိယကောင်းလိုက် တာ. . .'

'ဘာ ဖြစ်တုံး. . .'

မျက်နှာသစ်ပြီး ဘောင်းဘီရှည်တစ်ထည်နှင့် ဆွယ်တာခေါင်းစွပ် အနီရဲရဲလေးကို ဝတ် လိုက်သည်။ မျက်နှာကိုတော့ ဘာမှ မလိမ်းတော့။

'လာ ထူးလေး၊ သွားကြမယ်. . .'

လမ်းရောက်တော့ ထူးခြားကို သေချာမှာ ရသည်။

'ထူး. . . အခု မမသူငယ်ချင်းကို ဖော်ဖော်ရွေရွေ ဆက်ဆံနော်၊ သူ့ကို ကိုကိုလို့ခေါ်. . . သိလား၊ ထူးနဲ့ ဖိုးကော်နဲ့က အဲဒီ ကောင်လေးနားမှာ အချိန်ပြည့်နေပေး၊ မပျင်းအောင်လည်း ထားဦးနော်၊ ဖိုးကော်ကိုလည်း သေချာမှာ ဦး သိလား'

'ဟုတ်ကဲ့ပါ မမရာ. . .'

ငြမ်းတို့ ကားဂိတ်ထဲဝင်တော့ ငြမ်း အမှတ်မထင် နောက်သို့ လှည့်ကြည့်မိသည်။ ဂျာကင် မီးခိုးရောင် ဦးထုပ်အနက်ကလေးဆောင်းထားသော ကောင်လေး တစ်ယောက် ကို တွေ့ သည်။ ငြမ်း ဂရုမစိုက်ဘဲ ကားဂိတ်ပေါ်သို့ တက်ခဲ့သည်။ ဂိတ်ထဲတွင် ကိုယ်ဝန်ကြီးနှင့် မိန်းမ တစ်ယောက် က ခေါင်းဖြီးနေသည်။ ငြမ်း အရဲစွံ့ပြီးမေးမိသည်။

'အန်တီ. . . ဒီကားက မနက်က ဝင်လာတဲ့ကားလားဟင်. . .'

'ဟုတ်တယ် သမီး၊ မနက်လေးနာရီက ဝင်တာလေ'

ငြိမ်း ခရီးသည်တွေ ထိုင်သည့်ခုံမှာ ထိုင်မလို့လုပ်နေတုန်း စောစောက ကားဂိတ်အဝင်ဝမှာ တွေ့ခဲ့သော ဦးထုပ်အနက်နှင့် ကောင်လေးက ငြိမ်းရှေ့နားမှာ ရပ်သည်မို့။

'မျိုးခင်ဝင်းလား...'

ကောင်လေးက ပြုံး ပြီး ခေါင်းညိတ်ပြသည်။

'ငါ ငြိမ်းပါ၊ သွားမယ်လေ အိတ်တွေ ရော...'

'အိတ်တွေ က အပြင်ဘက် လက်ဖက်ရည်ဆိုင်မှာ '

'ဩော်...'

ငြိမ်းရယ်၊ သူရယ်၊ ထူးခြားရယ် ကားဂိတ်ထဲမှ ထွက်ခဲ့ကြသည်။ သူ့အိတ်တွေ ထားသော Hero လက်ဖက်ရည်ဆိုင်သို့ဝင်ပြီး အိတ်တွေ ယူကာ ဆိုက်ကားငှားရသည်။ ငြိမ်းကပဲ ဦးဆောင်ပြီး ငှားလိုက်သည်။

'ငြိမ်းဒို့ထဲကို ဘယ်လောက်လဲ၊ လူမလိုက်ဘူး၊ အိတ်တွေ ပဲတင်မှာ '

'သုံးရာပဲပေးပါ'

'ဈေးကိုတောင် တစ်ရာပဲ ကျတာ နီးနီးလေးကို ဘာသုံးရာတုံး၊ နှစ် ရာပဲယူ'

'ရပါတယ်...'

အိတ်တွေ ကို တင်ပေးလိုက်ပြီး ငြိမ်းတို့သုံးယောက် လမ်းလျှောက်လာခဲ့ကြသည်။ ငြိမ်းကပဲ စပြီး...

'ခွင်း... ဒါ ငါ့မောင်လေး ထူးခြားတဲ့၊ ငါးတန်းလေ၊ ထူး... ဒါက မမသူငယ်ချင်း ကိုကိုလို့ ခေါ်နော်'

'ဟုတ်ကဲ့...'

'ငြိမ်း... နင့်အန်တီတွေ ကို ပြောထားတယ် မဟုတ်လား'

‘ပြောထားပါတယ်ဟ. . .’

‘ငါ ကြောက်တယ်. . .’

‘မကြောက်ပါနဲ့ဟာ၊ ငါ့ အန်တီတွေ က သဘောကောင်းပါတယ်၊ နင့်အကြောင်းတွေ ကို လည်း ငါ အကုန်လုံး ပြောပြထားတယ်. . .’

ဒီလိုနှင့် ငြိမ်းတို့ ခြံနားရောက်လာသည်။

‘ဩော် ခွင်း. . . နင့်ကို ပြောမလို့မေ့နေတယ်၊ အခု ငါတို့က မိန်းကလေးတွေ ချည်းပဲနေတဲ့ အိမ်မဟုတ်လား၊ နင်က ယောက်ျားလေး ဖြစ်နေတော့ ငါတို့ အိမ်မှာ နင်နေဖို့က မသင့်တော် ဘူး လေ၊ ဟို နင် တစ်မျိုးမထင်နဲ့နော်. . .’

‘အေးပါ. . . နင် ပြောမှာ သာ ပြောပါ’

‘နင့်ကို ငါတို့အိမ်နားက ကိုသတ္တိတို့အိမ်မှာ ထားမလို့၊ အဲဒီ အစ်ကိုက လူပျိုကြီး တစ်ယောက် တည်းသမားဆိုတော့ နင်လည်း အဲဒီ မှာ လွတ်လွတ်လပ်လပ်နေလို့ရတာ ပေါ့၊ နောက်မို့ဆို ငါ့အန်တီတွေ ရှေ့မှာ နင် အနေကျဉ်းကျပ်နေဦးမယ်’

‘ရပါတယ်ဟာ၊ ဘယ်မှာ ပဲနေရ နေရ’

‘ငါတို့အိမ်နဲ့လည်း နီးနီးလေးပါပဲ၊ ရေတွင် းလေးပဲ ခြားတယ်’

သူမတို့အိမ်ရှေ့ရောက်တော့. . .

‘လာ ခွင်း. . . အိမ်ပေါ်တက်၊ စောသေးတော့ အိပ်တဲ့လူက အိပ်နေကြတုန်း၊ ငါ့အန်တီ နှစ် ယောက် ကတော့ ကျူရှင်သွားပြကြမှာ လေ၊ လာ ဒီခုံမှာ ထိုင်. . .’

ငြိမ်းက ပါးစပ်ကလည်း ပွစိပွစိနဲ့ ပြော လက်ကလည်း ခုံကိုပြကာ ခွင်းကို ထိုင်ခိုင်းလိုက် သည်။ ခွင်း ခုန်မှာ ထိုင်နေစဉ်မှာ ပဲ အိပ်ခန်းထဲက အန်တီပေါက်က ကျူ ရှင်သွားပြရန် ထွက်လာ သည်။

‘ဩော်. . . ခွင်း. . . ဒါ ငါ့အန်တီတွေ ထဲက တစ်ယောက် လေ. . .

အန်တီပေါက်တဲ့၊ အန်တီ ပေါက် ဒါ သမီးရဲ့ သူငယ်ချင်း မျိုးခင်ဝင်းတဲ့ မှတ်ထားနော်. . .'

'ဟုတ်ကဲ့'

ခွင်းက အန်တီပေါက်ကို ရယ်ပြပြီး ခေါင်းညိတ်ပြသည်။ အန်တီပေါက်ကလည်း. . .

'အေး သားလေး. . . အန်တီ ကျူရှင်သွားပြရမှာ မို့ နောက်ကျနေလို့သွားတော့မယ်နော်၊ အန်တီတို့က ကိုးနာရီခွဲလောက်မှ အိမ်ပြန်ရောက်မှာ ၊ အဲဒီ ကျမှပဲ အေးအေးဆေးဆေး စကားပြော ကြတာပေါ့. . . နော့'

'ဟုတ်ကဲ့. . .'

ငြိမ်းက ခွင်းကို ဧည့်ခံနေရသည်။ အခုမှ မြင်ဖူးတွေ့ဖူးတာဆိုတော့ ဘာအကြောင်း ပြောပြ ရမယ်မှန်း မသိဘူး ဖြစ်နေသည်။ ဒါနဲ့ပဲ ငြိမ်းတို့ ကျောင်းတက်တုန်းကအကြောင်းတွေ ပြောပြ ဖြစ် သည်။ စကားပြေချိန် ကြာလာသည်နှင့် အမျှ ခွင်းနှင့် ငြိမ်း တော် တော် လေး ရင်းနှီးသွားခဲ့သည်။ ခွင်း ကလည်း သူ့အကြောင်းတွေ ပြောပြပါသည်။ ငြိမ်းက ခွင်းစကားပြောတာကို နားထောင်ရင်း သဘောကျနေမိသည်။

ဩော်. . . တစ်မျိုး မထင်ကြနဲ့ဦးနော်။ ရိုးရိုးသားသား သဘောကျတာကို ပြောတာပါ။ ခွင်း စကားပြောတာ တော် တော် နားထောင်လို့ ကောင်းသည်။ နာထောင်တဲ့လူ စိတ်ဝင်စားအောင် ပြောတတ်သည်။ ငြိမ်း ခွင်းကို တစ်ခုချီးကျူး မိသည်။ အဲဒါဘာလဲဆိုတော့ ခွင်းဟာ လူကြီးတွေ သဘောကျအောင် နေတတ်သည်။ အလိုက်သိသည်။

ဘာလိုလိုနှင့် ခွင်း ငြိမ်းတို့မြို့ ကိုရောက်တာ တော် တော် ကြာခဲ့ပြီ။ ဒါပေမဲ့ ငြိမ်း ကတော့ ခွင်းကို ဘယ်နေရာကိုမှ လိုက်မပို့ရသေး။ အဓိက ကတော့ ငပလီကိုပေါ့။ အိမ်က အန်တီတွေ က သူတို့နဲ့မှ သွားရမည် ဟု ပြောထားသည်။

အန်တီတို့ကလည်း သူတို့တပည့်တွေ မှာ စာမေးပွဲတွေ နဲ့မို့ ငပလီလိုက်ပို့ပေးဖို့အတွက် ဘယ်လိုမှ မအား။ ငြိမ်း ကတော့ ခွင်းကို

ဘယ်ကိုလိုက်ပို့ပေးရကောင်းမလဲဆိုတာကိုသာ အမြဲ အကြံထုတ်လျက်ရှိသည်။ တစ်ရက်တော့ ခွင်းနှင့် ငြိမ်း အိမ်ဘေးက သစ်ပင်ရိပ်ကလေးမှာ ခုံလေး တွေ ချပြီး ထိုင်စကားပြောနေကြသည်။

ငြိမ်းက ရုတ်တရက် ခွင်းကို မေးလိုက်သည်။

'ခွင်း. . . နင် ဂစ်တာတီးတတ်တယ် မဟုတ်လား'

'အင်း. . . တီးတတ်တယ်၊ ဘာ ဖြစ်လို့လဲ. . . ငါ ဂစ်တာတီးလွန်းလို့ ဒီမှာ ကြည့်ပါလား၊ ငါ့လက်ထိပ်မှာ အသားမာတက်နေတာ. . .'

ငြိမ်းက ခွင်းရဲ့ အပြောကြောင့် . . .

'ကြည့်မယ်၊ ဟယ်. . . ဟုတ်ပါရဲ့ '

ငြိမ်းက ဘာရယ်မဟုတ် ရိုးရိုးသားသားပင် ခွင်းရဲ့ လက်ချောင်းထိပ်လေးတွေ ကို ကိုင်ကြည့် လိုက်သည်။ ငြိမ်း၊ ခွင်းနှင့် စကားပြောနေရင်းမှ ခွင်းရဲ့ ခြေထောက်ကလေးများ သို့ အမှတ်တမဲ့ အကြည့်ရောက်သွားသည်။ ဟယ်. . . ခြေထောက်ကလေးတွေ လှလိုက်တာ။ ခြေချောင်းလေးမှာ အမွေးလေးတွေ နဲ့ ချစ်စရာလေးပါ။ ငြိမ်း ခွင်းရဲ့ ခြေထောက်သန့်သန့်လေးကို သဘောကျသွား သည်။ ငြိမ်းက ခွင်း ခြေထောက်လေးတွေ ကို ငေးနေတာမို့ ခွင်း ပြောနေတာတွေ ကို မကြားလိုက် မိ။

'ဟဲ့ ငြိမ်း. . . ငါ ပြောတာ ကြားရဲ့ လား. . .'

'ဟမ်. . . ဘာပြောလိုက်တာလဲ. . .'

'နင့်မှာ ဂစ်တာရှိလားလို့ မေးနေတာ. . . ဘယ်တွေ ငေးနေရတာ လဲ'

ငြိမ်း တစ်ယောက် ရှက်ရယ်ရယ်လိုက်ပြီး. . .

'ဘယ်မှ မငေးပါဘူးဟာ။ ငါ့မှာ ဂစ်တာမရှိဘူးဟ၊ အဲ. . . ငါတို့ကျောင်းတက်တုန်းက ငါတို့ ဌာနမှူး ဆရာ့ဆီမှာ တော့ ရှိတယ်၊ ငါတို့ သွားငှားကြမယ်လေ. . .'

'အေး. . . ဘယ်မှာ ငှားရမှာ လဲ'

'ကျောင်းမှာ ၊ ဆရာတို့က ကျောင်းက အဆောင်တွေ မှာ နေရတယ်လေ၊ အခု သွားငှားကြ မယ်၊ ညကျရင် ဂစ်တာတီးပြနော်. . .'

'ည ငါက ဘယ်မှာ တီးပြရမှာ လဲ၊ တစ်အိမ်ထဲနေတာလည်း မဟုတ်ဘဲနဲ့'

'နင်နေတဲ့အိမ်နဲ့ ငါ့အိမ်နဲ့ကြားထဲက ဒီရေတွင် းကြီးက ဘာလုပ်ဖို့ထားတာလဲ၊ အဲဒီ ရေတွင် း က အလုံပိတ်ကြီးပဲ၊ အဲဒီ အပေါ်မှာ ထိုင်တီးပေါ့၊ ငါ နားထောင်မယ်လေ. . .'

'အေးပါ. . . ဒါဆိုရင် ညကျရင် ငါတီးမယ်လေ၊ နင် အားပေးပေါ့'

'ကဲ. . . ဒါဆို. . . ငါတို့ ဆရာ့ဆီ သွားရအောင်'

ငြိမ်းက ခွင်းကို ပြောပြီး အိမ်ပေါ်ကိုလည်း လှမ်းအောပြောလိုက်သည်။

'အန်တီရေ. . . သမီး ဆရာ့ဆီ ခဏသွားမလို့ ခွင်းကိုလည်း ခေါ်သွားတယ်နော်. . .'

'အေး အေး. . . တော် ကြာ စားတော့မှာ သိပ်အကြာကြီး မနေနဲ့ဦး. . .'

'ဟုတ်. . .'

'လာ ခွင်း. . .'

ငြိမ်း ခွင်းကိုခေါ်ပြီး ကျောင်းဘက်သို့ ထွက်လာခဲ့သည်။ ကျောင်းနှင့် ငြိမ်းတို့အိမ်နဲ့က သိပ်မဝေးတာမို့ လမ်းလျှောက်ပြီးတော့ဘဲ သွားလိုက်သည်။

ဆရာ့အဆောင်ရှေ့ရောက်တော့ အရှေ့ကနေ ဆရာ့ကို အော်ခေါ်လိုက်သည်။

'ဆရာ. . . ဆရာဦးသန်းစိုး၊ ဆရာရှိလား. . .'

'ဟေ'

ဆရာ့ထူးသံကြားရပြီး မကြာခင်မှာ ဆရာထွက်လာသည်။

‘ထင်တော့ထင်သားပဲ. . . စစ်နဲ့ငြိမ်း နှစ် ယောက် ထဲက တစ်ယောက် ပဲ ဖြစ်မှာ လို့. . .’

‘ဟီး. . . ဘာ ဖြစ်လို့လဲ ဆရာ’

ငြိမ်းက ဆရာ့ကို တစ်ချက်ရယ်ပြလိုက်ပြီး မေးလိုက်သည်။

‘ဩော်. . . မင်းတို့နှစ် ယောက် ပဲ ရှိတာကိုး၊ စစ်လာရင်လည်း အဲလိုပဲ အသံပြဲကြီးနဲ့ အဆောင်ရှေ့က အော်တာ၊ မင်းလည်း အဲလိုပဲ၊ ကဲ. . . အခု ဘာကိစ္စတုံး. . . ပြောစမ်းပါဦး’

‘ဆရာ့ဆီက ဂစ်တာငှားမလို့ ဆရာ၊ ဆရာလည်း တီးနေတာမှ မဟုတ်တာ၊ သမီးကို ငှားနော်၊ ကြာတော့ကြာမယ်၊ အပိုင်ယူချင်လည်း ယူမှာ . . . အဟိ’

‘ဂစ်တာက ရှိတော့ရှိတယ်၊ ဒါပေမဲ့ ဟိုနေ့က First Year က ကလေးတွေ ငှားသွားတာ၊ မနက်က ပြန်လာပို့တော့ ဆရာက အဆောင်မှာ မရှိဘူး၊ ဆရာထက်နိုင်ပဲ ရှိတာ၊ သူက အဲဒီ ကလေးတွေ လာပေးတော့ ယူထားလိုက်ရော၊ ခုနကမှ ဆရာကြည့်လိုက်တာ တစ်ကြိုး က ပြတ်နေ တယ်လေ. . .’

‘ရတယ်လေ. . . ဆရာ. . . သမီးတို့ ဝယ်လဲလိုက်မယ်၊ ဩော်. . . ဆရာ့ကို မိတ်ဆက်ပေး ရဦးမယ်၊ ဒါ သမီးအစ်ကိုလေ၊ ဆင်ဖြူကျွန်းက အလည်ရောက်နေတာ၊ အိမ်မှာ ပဲတည်းတယ်၊ ခွင်းတဲ့. . . မှတ်ထားနော် ဆရာ၊ ခွင်း. . . ဒါ ငါတို့ ဌာနမှူး ဦးသန်းစိုးတဲ့. . .’

ငြိမ်း မိတ်ဆက်လို့အပြီးမှာ ခွင်းနဲ့ဆရာက အပြန်အလှန်ပြုံး ပြ နှုတ်ဆက်လိုက်ကြသည်။ နောက် ဆရာက သူ့အခန်းထဲ ခဏဝင်သွားကာ ဂစ်တာကိုင်၍ ပြန်ထွက်လာသည်။

‘ရော့. . . ငြိမ်း’

ငြိမ်းက ဆရာ့လက်ထဲမှ ဂစ်တာကို လှမ်းယူလိုက်ပြီး. . .

‘ကျေးဇူးပဲ ဆရာ၊ နည်းနည်း တော့ ကြာမယ်နော်. . .’

‘အေးပါ’

‘သွားပြီဆရာရေ. . .’

ငြမ်းတို့ ဆရာ့ဆီက ဂစ်တာကိုယူပြီး အိမ်သို့ ပြန်လာခဲ့ကြသည်။ အိမ်ရောက်တော့ ထမင်း စားကြသည်။ ထမင်းစားပြီးတော့ ခွင်းက ဂစ်တာယူကာ သူနေတဲ့အိမ်ကို ပြန်သွားသည်။

ငြမ်း ကတော့ နေ့ခင်းနေ့လယ် တစ်ရေး တစ်မောအိပ်မလို့ လုပ်နေတုန်း အခန်းထဲသို့ အန်တီမွှေး ဝင်လာသည်။

‘ငြမ်း. . . အိပ်မလို့လုပ်နေတာလား. . .’

‘ဟုတ်. . .’

‘မအိပ်နဲ့ဦး၊ အန်တီပြောစရာရှိလို့. . .’

ငြမ်းက လှဲနေရာမှ ထထိုင်လိုက်ကာ. . .

‘ကဲ ပြော. . . ဘာပြောမလို့လဲ’

‘အခု သမီးနဲ့ ခွင်းနဲ့ အပြင်ကို ခဏခဏ နှစ် ယောက် တည်း ထွက်သွားနေတာ မြင်မတော် လို့. . .’

‘ဟာ. . . အန်တီမွှေးကလည်း. . . သမီးတို့က သူငယ်ချင်းတွေ ပဲဟာကို ပြီးတော့. . . ကိုယ့် ဆီလာလည်တဲ့ ဧည့်သည်ကို ဘယ်မှလိုက်မပို့ရတော့ဘူးလား၊ ခုဆို ကြည့်ပါဦး. . . အန်တီတို့ အားမယ့်နေ့ကို စောင့်နေရတာ နဲ့ပဲ ခွင်းကို ဘယ်မှ လိုက်မပို့ ဖြစ်သေးဘူး၊ အခု ခွင်းကို ခေါ်သွားရ တာလည်း ဟိုနား ဒီနားတင်၊ သူလည်း ဘယ်မှမရောက်သေးဘူး၊ စစ်တို့ ဟေမွန်တို့ကလည်း မရှိ တော့ ဘယ်မှကို ခေါ်မသွား ဖြစ်ဘူး. . .’

‘အဲဒါက ညည်းဘက်ကကြည့်တော့ ဟုတ်တာပေါ့၊ ပတ်ဝန်းကျင် ကတော့ ကိုယ့်အတွေးနဲ့ ဘယ်တူမလဲ. . .’

‘ဟာ. . . မသိဘူးဗျာ၊ အိပ်တော့မယ်၊ စိတ်ညစ်တယ်. . . သူငယ်ချင်းနဲ့တောင် အတူ မသွားရဘူး. . .’

ငြိမ်း ပွစိပွစိနှင့် လုပ်နေလိုက်သည်။ အန်တီမွှေး ကတော့ အပျိုကြီးပီပီ ငြိမ်း ပွစိပွစိလုပ်တာ ကို ဗျစ်တောက်ဗျစ်တောက်ပြောရင်း ငြိမ်း အခန်းထဲမှ ထွက်သွားတော့သည်။

ငြိမ်း အဲဒီ နေ့ညက ခွင်းရဲ့ ဂစ်တာသံတွေ ကြားမှာ နစ်မျောခဲ့သည်။ ငြိမ်း ရိုးရိုးသားသား ခွင်းကို ခင်မိတာပဲ နေမှာ ပါ။ ငြိမ်းကိုယ် ငြိမ်း ခဏခဏ ဆန်းစစ်မိသည်။ ငြိမ်း ခွင်းကို ဘယ်လို သဘောထားမိလည်း ဆိုတာကိုပေါ့။

•••

# အခန်း(၄)

## နှလုံးသားဇာတ်လမ်း

သက်ပြင်းအခါခါချရင်း

မျက်ဝန်းလေးကို မှိတ်လိုက်ရတဲ့နေ့တွေ

မနည်းပါဘူး။

အလွမ်းတွေ ခါချ

ကဗျာမရေး ဘဲ ဖောင်တိန်အဖုံးပြန်ပိတ်လိုက်ရတဲ့

ညတွေ လည်း များ ခဲ့ပါပြီ။

အချိုးမကျမှု တွေ နဲ့

အချစ်ရဲ့ ပြဋ္ဌာန်းချက်မှာ တောင်. . .

ငါ့အတွက်. . .

သေချာခြင်းတစ်ဝက်. . .

မသေချာခြင်းတစ်ဝက်။

အဆက်မပြတ် တိုက်ခတ်နေတဲ့ လေညင်းတွေ လို

အသံမပြုဘဲ. . .

ငါ့ရင်ထဲကို. . .

တိတ်တဆိတ် ဝင်ရောက်လာခဲ့တာ. . .

ဒီလိုနဲ့။

နှလုံးသားအရိပ်. . .

အိပ်မက်တွေ ရဲ့ သခင်လည်း ဖြစ်ခဲ့လေရဲ့ ။

တစ်ခါတစ်ခါ

သတိရခြင်းကို သင်ပေးတတ်ခဲ့သူလေ။

တစ်စတစ်စ

မမြင်နိုင်တဲ့ကြိုး တွေ နဲ့. . .

ငါ့ကို ရစ်ပတ်ထားခဲ့တာ

နောက်ဆုံး. . .

ဖြတ်မရတော့မှ ငါ့အသိတွေ ပြန်ရှင်လာခဲ့တယ်. . .

ကောင်လေးရေ။

•••

## အခန်း (၄)

ခွင်း ရောတာကြာလာသည်နှင့် အမျှငြိမ်းကလည်း ခွင်းကို အားကိုးလာမိသည်။ ခွင်းကလည်း ငြိမ်းမရှိရင် မနေတတ်။ တစ်ယောက် နဲ့ တစ်ယောက် မျက်စိအောက်က အပျောက် မခံနိုင်ကြ။ ငြိမ်း စဉ်းစားနေမိသည်။ ညအိပ်ရင် အိပ်မက်ထဲမှာ ခွင်းကို ခဏခဏ မက်တာတွေ ၊ အားတဲ့အချိန်တိုင်း ခွင်း အကြောင်းပဲ တွေ းမိနေတာတွေ ။ ခွင်းနဲ့အတူ စကားပြောနေရရင် ပျော် နေတတ်တာတွေ ၊ ဒါတွေ ဟာ ဘာ ဖြစ်လို့ ငြိမ်းရဲ့ စိတ်ထဲမှာ ဖြစ်နေရတာ လဲ။

'ဘုရားရေ၊ ငြိမ်းများ ခွင်းကို ချစ်မိနေပြီလား။ ဟာ မ ဖြစ်နိုင်ပါဘူး။ ငြိမ်း အရမ်းခင်မိသွားတာ ပဲ ဖြစ်မှာ ပါ။ ငြိမ်း မချစ်နိုင်သေးါဘူးလေ။ သြော် ငါလည်း ဘာတွေ တွေ းမိနေမှန်းကို မသိဘူး'

တစ်နေ့တော့ ခွင်းက ထူးထူးဆန်းဆန်းစကားတချို့ ပြောလာသည်။

'ငြိမ်း. . . ငါ နင့်ကို ပြောစရာရှိတာတွေ ကို စာနဲ့ရေး ထားတယ် ရော့. . .'

ငြိမ်းက ခွင်းပေးလာသော စာရွက်ခေါက်ကလေးကို တအံ့တဩကြည့်ရင်း. . .

'ဘာတွေ များ ရေး ထားတာလဲ ခွင်းရဲ့၊ စာတစ်တန် ပေတစ်တန်နဲ့ ရေး ရလောက်အောင် ဘာတွေ အရေး ကြီးနေလို့လဲ'

'နင် ဖတ်ကြည့်ရင် သိမှာ ပေါ့ဟာ. . .'

ငြိမ်းက ခွင်းပေးသည့် စားလွှာကိုယူပြီး အိပ်ခန်းထဲဝင်ကာ ခိုးဖတ်လိုက်သည်။

စာထဲမှာ ရေး ထားတဲ့ အကြောင်းအရာတွေ ကို ဖတ်လိုက်တော့ ငြိမ်း ရင်ခုန်သွားသည်။ ဩော်. . . လတ်စသတ်တော့ မောင်ခွင်းက ငြိမ်းကို သွယ်ဝိုက်သော နည်းနဲ့ ရည်းစားစကားပြော ထားတဲ့ စာပါလား။ အပေါ်စာကြောင်းတွေ ကတော့ သာမန်စာကြောင်းတွေ ပေမယ့် ခွင်းက ငြိမ်းကို မေးထားတဲ့ နောက်ဆုံးစာကြောင်းလေးက မရိုးသားတာတော့ အမှန်ပင်။

ပထမစာကြောင်းတွေ က သူ သံတွဲ မှာ နေရတာ ပျော်ကြောင်း ငြိမ်းနဲ့ နေရတဲ့အချိန်တွေ ဆို ပို၍ ပျော်ရွှင်ရကြောင်း၊ ပြီးတော့ သူ ပြန်ရင် ငြိမ်းကို သတိရနေမယ့်အကြောင်း၊ နောက်ပြီး သူ့ဘက်က ပြောစရာရှိတာတွေ ပြောပြချင်ကြောင်း၊ ဒါပေမဲ့ သူက ဧည့်သည် ဖြစ်နေတဲ့အတွက် ပြောရခက်နေကြောင်း၊ နောက်ဆုံးမေးခွန်းလေး ကတော့ ငြိမ်းက သူ့ကို ဘယ်နေရာမှာ ထားတာလဲ တဲ့။

ငြိမ်း ပြုံး မိသွားသည်။ သူဆိုလိုချင်တဲ့အဓိပ္ပာယ်က သူက ငြိမ်းတို့အိမ်မှာ ပဲ ထမင်းစား ဧည့်သည် ဖြစ်နေတော့ သူ ငြိမ်းကို ချစ်နေတဲ့အကြောင်း ဖွင့်ပြောလိုက်ရင် သူ့ဘက်က အားမနာ လုပ်သလို ဖြစ်သွားမှာ မို့လို့ ငြိမ်းဘက်ကစပြီး ဖွင့်ပြောစေချင်တဲ့သဘောမျိုး ရေး ထားသည်။ အဟင်း ခွင်းက လူလည်ကြီးပဲ။

ငြိမ်းက ရည်းစားတောင်မထားဖူးသေးတာ ယောက်ျား တစ်ယောက် ကို

ကိုယ့်ဘက်ကစပြီး ချစ်တယ်လို့ ဖွင့်ပြောဖို့ဆိုတာ ဘယ်တုန်းကမှ စိတ်ကူးထဲထည့်ခဲ့ဖူးတာ မဟုတ်။ ငြိမ်းက မိန်းက လေးမဟုတ်လား။ သူ့ဘက်က ဖွင့်မပြောမချင်း ငြိမ်းဘက်ကလည်း မပြောဘူးဟု ဆုံးဖြတ်လိုက် မိသည်။

နောက်တစ်နေ့ရောက်တော့ ငြိမ်းက သူတို့ မနေ့က စာကိစ္စကို အစမဖော်ဘဲ မေ့ချင်ယောင် ဆောင်နေလိုက်သည်။ ပြီးတော့ သူ့ကို. . .

'ခွင်း. . . နင် ပေလီကို မရောက်ဖူးသေးဘူး မဟုတ်လား၊ ငါ ဒီနေ့ လိုက်ပို့ပေးမယ်၊ ပေလီနဲ့ ဒီနဲ့က ငါးမိုင်ဝေးတယ်၊ နင် စက်ဘီးနင်းနိုင်ပါ့မလား'

'ငါတို့ စက်ဘီးနဲ့ သွားမှာ လား'

'အင်း. . .'

'နင်းနိုင်ပါတယ်၊ ငါးမိုင်က ဘယ်လောက်မှမရှိတာ'

'လမ်းက အဖြောင့်မဟုတ်ဘူးဟ၊ ကုန်းတက်တွေ ရှိတယ်၊ ဖြစ်ပါ့မလား'

'ရပါတယ်ဟာ၊ ဒါနဲ့ နင် အိမ်ကို ဘယ်လို ပြောထွက်မှာ လဲ'

'မဟေမွန်ဆိုတဲ့ ငါ့သူငယ်ချင်းအိမ်ကို နင့်ကို ခေါ်သွားမလို့လို့ ပြောမှာ ပေါ့'

'ရပ့်မလား ဆူခံရဦးမယ်. . .'

'အေး. . . အဲလိုမှ မထွက်ရင် နင် ဘယ်တော့မှ ပေလီကို ရောက်တော့မှာ မဟုတ်ဘူး၊ ဒီက စေတနာနဲ့ ပို့ပေးမလို့ဟာကို၊ ပေလီမှာ ငါ့သူငယ်ချင်း စစ်တို့အိမ်လည်း ရှိတယ်၊ သိပ်အကြာကြီး မနေဘူးပေါ့ဟာ၊ ခဏပဲ. . . ပင်လယ်ကြီးကြည့်ပြီး ပြန်လာရုံပေါ့. . .'

'အေး. . . ဒါဆို သွားမယ်လေ၊ အခုသွားမှာ လား. . .'

'အေး. . . ငါ အင်္ကျီလဲလိုက်ဦးမယ်. . .'

'ငါလည်း သွားလဲလိုက်ဦးမယ်. . .'

ငြိမ်း အင်္ကျီလဲပြီးချိန်မှာ သူက အိမ်ရှေ့က အဆင်သင့်စောင့်နေသည်။ ငြိမ်းက

အနိုက်တိုကို. . .

'သမီးနဲ့ ခွင်း ဟေမွန်အိမ် ခဏသွားတယ်နော်၊ သိပ်မကြာဘူး၊ ခုပဲ ပြန်လာမှာ . . .'

ငြိမ်း ပြောပြီးပြီးချင်း လှည့်မကြည့်တော့ဘဲ အောက်ဆင်းလာခဲ့တော့သည်။ အဲဒီမှာ ကြာကြာဆက်နေရင် သူတို့ ပြောနေဦးမယ်။ ဘယ်နှမိနစ်နဲ့ အရောက်ဆိုတာတွေ အချိန်ကန့်သတ် ချက်တွေ နဲ့ လုပ်ဦးမယ်။

စက်ဘီးယူပြီး ခွင်းကို နင်းခိုင်းကာ ပေလီသို့ ထွက်လာခဲ့ကြသည်။ လမ်းရောက်တော့ ငြိမ်း က. . .

'ခွင်းရေ. . . စိတ်တော့ မကောင်းဘူးဟာ၊ နင် ရေကူးဖို့ အချိန်မရနိုင်ဘူး'

'ရပါတယ်ဟာ. . . ငါ ရေမကူးတတ်ပါဘူး. . .'

'ဟမ်. . . တကယ်၊ နင် မကူးတတ်ဘူး. . . ဟုတ်လား'

'အေး. . . နင်ရော. . .'

'ငါလည်း မကူးတတ်ဘူး. . . ဟီး ဟီး. . .'

ငြိမ်းက စက်ဘီးနောက်မှထိုင်ပြီး ရယ်နေလိုက်သည်။ ဒါကို ခွင်းက တအံ့တဩဖြင့် . . .

'နင်က ပင်လယ်နား ဒီလောက်ကပ်နေပြီး ရေမကူးတတ်ဘူး ဟုတ်လား. . . အထူးအဆန်း ပဲ. . .'

'ဟဲ့. . . ပင်လယ်နားနီးတိုင်း ရေး တတ်မလား၊ ငါက အလကားနေရင်း ပင်လယ်ထဲ လာ လာ ဆင်းနေတာမှ မဟုတ်တာ၊ ငါက ရေလည်းကြောက်တတ်တော့ ရေမကူးတတ်ဘူး၊ ရေပဲစိမ် တတ်တယ်. . .'

'ဘယ်လို စိမ်တာလဲ. . .'

‘ဘောကွင်းစွပ်ပြီး ရေထဲစိမ်တာလေ. . .’

‘ထားလိုက်ပါတော့ အဲဒီ ကိစ္စတွေ ၊ ဒါနဲ့ မနေ့ကစာ ဖတ်ပြီးပြီလား. . .’

‘အင်း. . .’

‘စာထဲမှာ ငါမေးထားတာ ဖြေဦးလေ. . .’

‘ဘာမေးထားလို့လဲ’

ငြိမ်း မသိချင်ယောင်ဆောင်နေလိုက်သည်။

‘ငြိမ်း. . . နင် သိရဲ့ သားနဲ့ အဲဒီ လိုမလုပ်နဲ့လေ၊ ငါ့ဘက်က အခက်အခဲကိုလည်း ကြည့်ဦး၊ နောက်မို့ဆို ငါပြောတယ်’

‘ပြောပေါ့’

ငြိမ်းရဲ့ စကားသံကြောင့် ခွင်းက အသည်းယားသလို ဖြစ်သွားကာ. . .

‘ငြိမ်း. . . ငါ့ဘက် ပြောလို့မ ဖြစ်လို့ပါဟာ၊ နင် ငါ့ကို နားလည်ပေးပါ. . .’

ခွင်းက မျက်နှာငယ်လေးနဲ့ ပြောလာပြန်တော့ ငြိမ်း မနေနိုင်ပြန်။ တကယ်ဆိုရင် ငြိမ်းက လည်း ချစ်မိနေပြီကိုး။ ငြိမ်း စိတ်ကို ငြိမ်း ပြန်ထိန်းနေသည့်ကြားကပင် ငြိမ်း သူ့ကို အရမ်းချစ်မိ သွားတာကိုး။

‘ငြိမ်း ပြောလေကွာ. . . ဘာတွေ တွေးနေတာလဲ. . .’

‘ခွင်း. . . ငါ ဖြေလိုက်ရင် နင် ငါ့ကို အထင်သေးသွားမှာ စိုးလို့၊ ငါ ပေးလို့ မ ဖြစ်ပါဘူးဟာ’

‘ငြိမ်း. . . နင်နဲ့ ငါကြားမှာ အထင်သေးတာတွေ ရှိသေးလို့လား၊ ငါတို့နှစ် ယောက် ကြားမှာ အဲလို အကန့်မျိုးတွေ မထားပါနဲ့ ငြိမ်းရာ၊ နင်ပြောလို့ ငါ နင့်ကို အထင်မသေးဘူး၊ ကိုယ့်ရင်ထဲမှာ ရှိတာကာကို ရဲရဲဝံ့ဝံ့ ထုတ်ပြောတတ်တယ်လို့တောင် ချီးကျူး ဦးမှာ . . .’

ငြိမ်း သက်ပြင်းလေးတစ်ချက်ချကာ. . .

'အေးဟာ. . . အင်း အင်း၊ ငါ ခေါင်းညိတ်တယ်၊ နင် ပြောတာကို. . .'

'ဟာ. . . ပါးစပ်ကပြောလေ၊ နင် ခေါင်ညိတ်တာ ငါမှ မမြင်ရတာ ၊ ဒီမှာ စက်ဘီးနင်းနေရင်း နဲ့. . .'

ငြိမ်း စက်ဘီးနောက်မှ စိတ်မရှည်သလို အသံမျိုးလေးဖြင့် . . .

'ချစ်တယ်. . . ချစ်တယ်. . .'

'ငြိမ်း. . . တကယ်. . . တကယ်ပြောတာနော်. . .'

'ကြည့်. . . ပြောတော့လည်း. မယုံပြန်ဘူးလား၊ ဒီမှာ နော် ခွင်း. . . ဒီစကားကို ငါ နင့်ကိုပဲ ပြောဖူးတာ၊ ငါ့ဘဝမှာ အိပ်မက်တောင် မမက်ဖူးဘူး၊ အဲဒါ နင့်ကို ချစ်လို့ နောက်ကို ငါ့ကို အဲလိုမျိုး မယုံသင်္ကာစကားမျိုး လာမပြောနဲ့ ငါ အရမ်းစိတ်ဆိုးတယ်. . .'

'ဟာ. . . အခု ငါက ဘာပြောလို့လဲ. . .'

'တကယ်ဆိုတဲ့ စကားက ငါ့ကို မယုံလို့ မေးတာပေါ့. . .၊ နင် ယုံရင် ပြန်မေးစရာကို မလိုဘူး'

'အေးပါဟာ. . . ငါ မှား း သွားပါတယ်၊ ခွင့်လွှတ်နော်. . .'

'ခွင်း. . . ဒါနဲ့ နင်ရော ငါ့ကို ဘယ်တုန်းက ချစ်တာလဲ. . .'

'ငါပြောရင် နင်ယုံမှာ လား ငြိမ်း. . .'

'ငါက နင့်ကိုချစ်တာပဲ၊ ယုံတာပေါ့. . .'

'အိုကေ. . . ငါလိုချင်တာ အဲလိုချစ်သူမျိုးပဲ၊ ငြိမ်း. . . ငါလေ နင့်ကို ငါ သံတွဲ ကို စရောက် ရောက်ချင်းနေ့ နင် ငါ့ကို လာကြိုတဲ့အချိန်ကတည်းက ကျိတ်ချစ်နေတာဟ'

'ပိုပြန်ပြီ'

'မပိုပါဘူးဟာ တကယ်ပါ. . .'

ဒီလိုနှင့် ငြိမ်းတို့ ငပလီရောက်ခဲ့သည်။ ငြိမ်းက. . .

'အဲဒီ ရှေ့ လမ်းကြားလေးထဲ နင်းဝင်လိုက် ရှေ့အိမ်က စစ်တို့အိမ်ပဲ၊ ရပ် ရပ်တော့'

'စစ်ရေ. . . အန်တီနုရေ. . .'

ငြိမ်းက အသံကုန်အော်ခေါ်တော့သည်။ အိမ်ထဲမှ စစ်ရဲ့ အမေထွက်လာပြီး. . .

'ဟယ်. . . ငြိမ်းပါလား၊ စစ်က မနက်ကမှ သံတွဲ ကို ပြန်သွားတယ်လေ. . .'

'ဟာ. . . လွဲပြီ၊ ဟိုနေ့က စစ် မရောက်သေးဆိုလို့ ဒီမှာ ရှိနေသေးမယ်လို့ထင်တာ၊ ပြီးတော့ ဧည့်သည်ကိုလည်း လိုက်ပို့တာလေ၊ ငပလီ မရောက်ဖူးလို့'

'ဟုတ်လား. . . ဘယ်က ဧည့်သည်လဲ'

'ဆင်ဖြူကျွန်းကပါ အန်တီ. . . ငြိမ်းတို့ စက်ဘီးနဲ့ ဖိနပ်တွေ ဒီမှာ ထားခဲ့မယ်နော်၊ ကမ်းခြေ ဆင်းမလို့'

'အေး အေး. . . ငြိမ်း ထာခဲ့ ထားခဲ့၊ အိမ်ပေါ်တက်ကြပါဦးလား၊ ထမင်းရော စားပြီးခဲ့ကြပြီ လား. . .'

'စားရသေးဘူး၊ ပြန်မှစားမှာ . . .'

'ဟဲ့. . . ဒီမှာ စား သွားပါလား၊ ဟင်းတွေ ရော ထမင်းတွေ ရော ရှိတယ်. . .'

'မစားတော့ပါဘူး အန်တီရာ၊ သွားပြီနော်. . . ကမ်းခြေဆင်းလိုက်ဦးမယ်. . .'

ငြိမ်းတို့နှစ် ယောက် ကမ်းခြေဆင်းလာခဲ့ကြသည်။ ငြိမ်းက ကမ်းစပ်မှာ လှိုင်းကလေးတွေ ကို ခြေထောက်လေးဖြင့် ဆော့ကစားရင်း. . .

'ခွင်း. . . ပျော်လား. . .'

ခွင်းကို လှမ်းမေးလိုက်သည်။ ခွင်းက. . .

'ငြိမ်း ငါက နင်ရှိတဲ့ နေရာတိုင်းမှာ ပျော်တယ်၊ ငါတို့ အရိပ်တစ်ခုမှာ ထိုင်ရအောင်. . .'

'အင်း. . . ထိုင်လေ၊ ဟို အုန်းပင်အောက်မှာ အရိပ်ရတယ်၊ လာ. . . အဲဒီ မှာ သွားထိုင်ရ အောင်. . .'

ငြိမ်းကပြောပြီး ရှေ့မှပြေးကာ အုန်းပင်အောက်မှာ သွားထိုင်လိုက်သည်။ ခွင်းက နောက်မှ လိုက်လာ၍ ငြိမ်းဘေးနားမှာ ဝင်ထိုင်သည်။ ငြိမ်းက မသိမသာလေး တစ်ဖက်ကို ရွှေ့ကာ. . .

'ဘာလို့ ဟိုဘက်ကို ရွှေ့သွားရတာ လဲ. . .'

ခွင်းက ငြိမ်းရဲ့ ပခုံးလေးကို ဖက်ပြီး မေးတာမို့ ငြိမ်း ရင်တုန်သွားသည်။ ငြိမ်းအတွက် တကယ့်ကို အစိမ်းသက်သက်ကြီးကိုး။ ရည်းစားတစ်ခါမှမထားဖူးတဲ့အတွက် ခုလိုပုံစံမျိုးက ငြိမ်း အတွက် ရင်ခုန်လွန်းနေရသည်။

ငြိမ်းက မသိမသာရုန်းရင်း ခွင်းကို တစ်ချက်ရယ်ပြလိုက်ကာ. . .

'ဘာမှမ ဖြစ်ပါဘူး. . . မနေတတ်လို့၊ ပြီးတော့ ခွင်း. . . ငါ့ကို မဖက်ပါနဲ့လားဟာ. . . ဟို ဘက်မှာ လူတွေ ရှိတယ်. . . ရှက်စရာကြီး. . .'

'ဘာ ဖြစ်လဲဟ. . . ရည်းစားတွေ ပဲ'

ငြိမ်း ရုန်းလို့မရတော့ ငြိမ်နေလိုက်သည်။ ဆက်ပြီး မရုန်းတော့။

'ငြိမ်း. . . ငါ ပြန်ရင် နင် ငါ့ကို လွမ်းနေမှာ လား. . .'

'အေးပေါ့. . . နင် ဟိုရောက်ရင် ငါ့ဆီ စာထည့်၊ ဖုန်းဆက်နော်. . .'

'ငြိမ်း. . . နင် ငါ့နောက်မလိုက်ခဲ့ချင်ဘူးလား. . .'

'ဟင်'

ငြိမ်း ရည်းစားတောင် ခုမှ စထားတာ အိမ်ထောင်ပြုဖို့ဆိုတာ. . .။ တကယ်တော့

ငြိမ်း ခွင်း ကို တကယ်ချစ်ခဲ့တာပင်။ တကယ်လည်း လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာ။ ခုလို ခွင်းပြန်ရင် တစ်ခါတည်းလိုက်သွားဖို့ဆိုတာက ငြိမ်းအတွက် မဟာစွန့်စာခန်းကြီးတစ်ရပ်ပင်။ ဒါကို ခွင်းက နား လည်သည်။

'အေးလေ. . . ငြိမ်း စဉ်းစားပေါ့၊ ငါ ကတော့ နင်နဲ့ မခွဲချင်ဘူး ဟာ၊ ဖြစ်နိုင်ရင် နင် ငါနဲ့ လိုက်ခဲ့ရင် ကောင်းမှာ ပဲ. . .'

ငြိမ်း သက်ပြင်းလေးချကာ. . .

'ငါ စဉ်းစားချင်သေးတယ် ခွင်းရယ်. . .'

ငြိမ်းတို့နှစ် ယောက် ပြန်လာတော့ နေ့လယ် တစ်နာရီထိုးနေပြီ။

'ခွင်း. . . ငါတို့အခု စစ်တို့အိမ်ကို ဝင်မယ်၊ နောက်ကျနေပြီလေ၊ အိမ်ရောက်ရင် အန်တီတို့ ဆူမှာ ၊ စစ်ဆီကိုသွားပြီး စစ်ကို ငါတို့အိမ်ကို အပါခေါ်ရမယ်. . .'

'စစ်က လိုက်မှာ လား. . .'

'ငါခေါ်တာပဲ. . . လိုက်မှာ ပေါ့. . .'

လမ်းတစ်ဝက်လောက်ရောက်တော့ နေပူကြီးထဲမှာ ငြိမ်းကိုတင်ပြီး နင်းနေရသော ခွင်းကို ငြိမ်း သနားလာကာ. . .

'ခွင်း. . . ရပ်ဦး ရပ်ဦး. . .'

ပါးစပ်မှလည်းအော်ကာ လူကလည်း စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်သည်။ ခွင်းက စက်ဘီး ရပ်လိုက်ကာ. . .

'ဘာလဲ. . . ငြိမ်း. . . ဘာ ဖြစ်လို့လဲ. . .'

'ဖယ်. . . ငါ နင်းမယ် နင် နောက်ကထိုင်'

'ဟာ. . . ဘယ် ဖြစ်မလဲ၊ နင် နင်းမယ် မလုပ်နဲ့'

'ဘယ်လို ဖြစ်နေတာလဲ ခွင်း၊ နင် အရမ်းပင်ပန်းနေပြီ၊ နေကလည်း

အရမ်းပူတယ်၊ ငါ တလှည့်နှင်းမယ်ဟာ၊ ငါ့ကို ချစ်ရင် ငါပြောတာ လက်ခံ. . .'

'နင့်ကို ချစ်လို့ လက်မခံတာပေါ့. . .'

ခွင်း ဘယ်လောက်ပဲတားတား ငြမ်းက စက်ဘီးကို ဆွဲယူကာ နင်းတော့သည်။ ခွင်းလည်း မတတ်သာ၍ နောက်မှထိုင်လိုက်ရတော့သည်။

'ခွင်း. . . ငါလေ ဘယ်သူ့ကိုမှ စက်ဘီးနောက်က မတင်ဖူးဘူး. . . သိလား၊ စစ်တို့ ဟေမွန် တို့ကိုတောင် မတင်ဖူးဘူး'

'ဘာလို့ ငါ့ကိုကျမှ တင်ချင်ရတာ လဲ. . .'

'ချစ်လို့. . .'

ငြမ်းက ကိုယ့်ဘာသာကိုယ်ပြောပြီး ရယ်နေလိုက်သည်။ ခွင်းက. . .

'စစ်တို့ကိုကျတော့ရော ဘာလို့ တင်မနင်းတာလဲ. . .'

'ညှောင်းလို့၊ သိလား ခွင်း. . . ငါက first year တုန်းကဆိုရင် စက်ဘီးတောင် မစီးတတ် ဘူးလို့ စစ်တို့ကို ညာထားတာ၊ တစ်ရက်တော့ ငါက Drawing Paper ဝယ်မလို့ ဈေးကိုသွားတာ ဟေမွန်နဲ့ လမ်းမှာ တွေ့ပြီး အလိမ်တွေ ပေါ်ကုန်တာလေ. . . အဟိ. . .

ငါ စက်ဘီးမစီးတတ်ဘူးလို့ ပြောထားတုန်းကဆိုရင် ဖိမ်ပဲ၊ စစ် နောက်ကထိုင်လိုက်၊ ဟေမွန်နောက်က ထိုင်လိုက်၊ နွေးထွေးနောက်က ထိုင်လိုက်နဲ့. . .'

'နောက် သူတို့သိသွားတော့ရော နင့်ကို တင်မနင်းခိုင်းဘူးလား ငြမ်းရဲ့. . .'

'ဘယ်နေလိမ့်မလဲ. . . နင်းခိုင်းတာပေါ့၊ ဘယ်ရမလဲ. . . ဒီကလည်း ငြမ်းပဲဟာ၊ လူမတင် နိုင်ဘူး. . . ပါဘူးနဲ့ လုပ်လိုက်တာပေါ့၊ စက်ဘီးလက်ကိုင်လေး ယိုင်ပြလိုက်တာပေါ့. . .'

'ကဲ ကဲ အခုလည်း ငါ့ကို ဒီလောက်တင်နင်းရရင် ကျေနပ်တော့နော်။ ငါ တစ်လှည့်နင်း မယ်. . .'

ခွင်းက စက်ဘီးကို အတင်းလုတော့မှ ငြိမ်းက ပေးလိုက်တော့သည်။ သံတွဲကိုဝင်တော့ လည်း နောက်ကနေ၍ ဘယ်ကွေ့ ညာကွေ့ဖြင့် အော်ပြီး စစ်တို့အိမ်ကို သွားခဲ့သည်။

'စစ်ရေ. . . စစ်. . .'

'ဟေ. . . ဟယ်. . . ငြိမ်း. . . လာ. . . လာ. . .'

ငြိမ်းတို့နှစ်ယောက် စစ်တို့အိမ်ကိုဝင်၍ ငြိမ်းက စစ်ကို အကျိုးအကြောင်း ပြောပြလိုက် သည်။ စစ်က ကမ်းပြောသမျှကို နားထောင်ပြီး. . .

' ဖြစ်ရမယ်. . . ငါ့ ငြိမ်းလေး ကတော့လေ. . .'

'စစ်. . . အခု ငါနဲ့လိုက်ခဲ့နော်၊ ဪ. . . မိတ်ဆက်ပေးရဦးမယ်၊ စစ်. . . ဒါ ငါ့ရဲ့ သူငယ် ချင်း ခွင်းတဲ့၊ ခွင်း. . . ဒါက ငါ ပြောပြောနေတဲ့ စစ်တဲ့. . . မှတ်ထားနော်. . .'

'အေးပါ. . . ခွင်း ငြိမ်းပြောလို့ သိနေတာတော့ ကြာပါပြီ. . .'

'ကဲ စစ်. . . အရမ်းနောက်ကျနေပြီ. . . သွားရအောင်၊ အိမ်ကိုရောက်လို့ ငါ့အန်တီတွေ က မေးရင် နင်တို့အိမ်မှာ စကားထိုင်ပြောနေတာလို့ ပြောနော်. . .'

'အေးပါ ငြိမ်းရဲ့ ၊ ဒါပေမဲ့ တစ်ခုတော့ ကြိုပြောရဦးမယ်. . . ငါ ခုတော့ မလိုက်သေးဘူးနော်၊ အိမ်မှာ နင်မြင်တဲ့အတိုင်းပဲ. . . ဘယ်သူမှ မရှိဘူး၊ ခဏနေမှ ဖေဖေပြန်ရောက်မှာ ၊ ငါ အဲဒီ တော့မှ လိုက်ခဲ့မယ်လေ၊ ငါ ပြောပေးပါ့မယ်. . .'

'အေး. . . အဲဒါဆို ငါတို့ သွားတော့မယ်. . .'

ငြိမ်းက ပြောပြီး. . .

'ခွင်း. . . လာ ငါတို့ သွားရအောင်. . .'

'မစစ်. . . ကျွန်တော် တို့ သွားလိုက်ပါဦးမယ်. . .'

'ကောင်းပါပြီရှင်. . .'

ငြိမ်းတို့အိမ်ရောက်တော့ ထမင်းစားပွဲပေါ်မှာ ထမင်းဟင်းတွေ က အဆင်သင့် ခူခပ် ထားသည်။ အန်တီတို့တွေ ကတော့ နေ့လယ်နေ့ခင်း တစ်ရေး တစ်မော အိပ်နေကြသဖြင့် ဘာမှ မပြော။ ငြိမ်းက. . .

'ခွင်း. . . လာ. . . ထမင်းစားကြမယ်. . .'

ငြိမ်းတို့နှစ် ယောက် ထမင်းအတူစားကြသည်။ ငြိမ်းတို့ ထမင်းဝခါနီး လောက်မှာပဲ စစ် ရောက်လာသည်။ စစ်ရောက်လာသည့်အချိန်နှင့် အနီပေါက်နိုးသည့်အချိန်နှင်က ကွက်တိပင်။ စစ်က ရောက်ရောက်ချင်းပင်. . .

'အန်တီပေါက် စားပြီးပြီလား. . .'

'အေး. . . သမီးလေး. . . စားပြီးပြီ၊ ညည်းတို့သူငယ်ချင်း ကတော့ ခုမှ အပြင်က ပြန်လာလို့ စားတာလေ. . .'

'ငြိမ်းက စစ်တို့အိမ်က ပြန်သွားတာ အန်တီရဲ့ ၊ ဟိုမှာ စားလို့ပြောတာကို မစားဘူး၊ အဲဒါ သူငယ်ချင်း စကားပြောနေတာ အချိန်တွေ ကုန်သွားတယ်. . .'

'သြော်. . . စစ်တို့အိမ်မှာ စကားပြောနေတာလား၊ အန်တီတို့က ဘယ်တွေ များ သွားနေလဲ လို့. . .'

'အန်တီပေါက်ကလည်း သမီးပြောသွားသားပဲ၊ ဟေမွန်တို့အိမ်ကို သွားမှာ ပါလို့၊ ဟေမွန်ကို ခေါ်ပြီး စစ်တို့အိမ် ရောက်သွားတာ. . .'

ငြိမ်းနဲ့ ခွင်းတို့နှစ် ယောက် အတွ. အဲဒီ နေ့က စစ် ကူညီသွားလို့ ဘာမှမ ဖြစ်။ ငြိမ်းတို့ကလည်း ပိပိရိရိနေခဲ့ကြသည်ကိုး။

ရက်တွေ ကြာလာသည့်နှင့် အမျှငြိမ်း ခွင်းကို ခွဲမရအောင် ချစ်မိနေပြီ ဖြစ်သည်။ ခွင်းဘက် ကရော ငြိမ်းကို ထာဝရချစ်နေနိုင်ပါ့မလား။ ခွင်းက ခဏလာလည်တဲ့ ဧည့်သည်။ အချိန်တန်ရင် အိမ်ပြန်ရမယ့်သူ။ အချိန်တန်လို့ အိမ်ပြန်သွားရင် ငြိမ်းပဲ ရင်ကွဲပြီး ကျန်ခဲ့ရမှာ ။ တစ်သက်မှာ တစ် ယောက် ပဲ ချစ်ခဲ့တာမို့ ငြိမ်း ခွင်းကို အရူးအမူး ချစ်နေခဲ့တာပဲ ဖြစ်သည်။

တကယ်လို့ ခွင်း ပြန်တော့မယ်ဆိုရင် ငြိမ်း ဘယ်လိုလုပ်ရမလဲ။ ခွင်း ပြောသလို တစ်ခါ တည်း လိုက်သွားရမလား။ ခွင်း ကတော့ သူ့နောက်လိုက်ရင် ဘာမှ အားမငယ်ရအောင် လုပ်ပေး မယ်တဲ့။ အားလုံးအဆင်ပြေစေရမယ်တဲ့။ သူ့မိဘတွေ ကလည်း အရမ်းသဘောကောင်းတယ်တဲ့။ ငြိမ်းသာ ခွင်းနောက်လိုက်သွားရင် အန်တီတို့တွေ ဘယ်လို ဖြစ်ကုန်မလဲ။ သေချာတာ ကတော့ သိပ်ချစ်ရတဲ့တူမအတွက် ရင်ကွဲပက်လက် ဖြစ်မှာ တော့ အမှန်ပဲ။

ဒါပေမဲ့ ငြိမ်းက ခွင်းကို ချစ်နေတော့လည်း သေချာစဉ်းစားရတော့သည်။ ငြိမ်း တစ်ယောက် စဉ်းစားရင်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်တော့သည်။ အဲဒီ ဆုံးဖြတ်ချက်က ခွင်းကို ချစ်သော အချစ်တွေ ကြောင့် ပဲ ဖြစ်ပါသည်။

ငြိမ်းရဲ့ ဆုံးဖြတ်ချက်ကို ခွင်းကိုပြောပြတော့ ခွင်းက အရမ်း အံ့သြဝမ်းသာသွားတော့သည်။

'ငြိမ်း. . . ငြိမ်း တကယ်ပြောတာနော်. . .'

'တကယ်ပေါ့ ခွင်းရဲ့ ၊ ဟယ် နေဦး. . . နင့်နောက်လိုက်မှာ တော့ ဟုတ်ပါပြီ၊ ငါ့အင်္ကျီတွေ ကို ဘယ်လိုလုပ်မလဲ. . .'

'ဩော်. . . ဒါများ လွယ်လွယ်လေး၊ ညဘက်ကျရင် နင့်အင်္ကျီတွေ ကို ပြတင်းပေါက်ကနေ ချလိုက်၊ ငါလာယူပြီး ငါ့အခန်းထဲ ထည့်ထားလိုက်မယ်. . . ဘယ်လိုလဲ. . .'

'နင့်အခန်းထဲ ထည့်ထားတာ ဟုတ်ပါပြီ၊ အင်္ကျီတွေ ချတဲ့အချိန်ကျတော့ အန်တီတွေ တွေ ့ သွားရင် ဘယ်လိုလုပ်မလဲ'

'မတွေ ့နိုင်တဲ့ အချိန်ပေါ့. . .'

'မတွေ ့နိုင်တဲ့အချိန်၊ အင်း. . . ဘယ်အချိန်ပါလိမ့်၊ ဩော်. . . သိပြီ၊ ည ကိုရီးယားကား ကြည့်နေတဲ့အချိန်၊ အဲဒီ အချိန်ဆိုရင် အိုကေပဲ. . .'

'ဟုတ်တယ် ငြိမ်း. . . အဲဒီ အချိန် ကောင်းတယ်၊ ကြော်ငြာ ဝင်နေတဲ့အချိန်မှာ

ဆိုရင် ပိုကောင်းမယ်ထင်တယ်. . .'

'ဒီလိုလုပ်မယ် ခွင်း. . . ပထမကြော်ငြာလာတဲ့အချိန်မှာ ငါ အိတ်အကြီးကြီးနဲ့ အကျီတွေ နည်းနည်း ထည့်ထားလိုက်ပြီး ပြတင်းပေါက်က ချထားလိုက်မယ်. . .'

'ဟာ. . . တော် လိုက်တဲ့ ငါ့ချစ်သူလေး. . .'

'ခွင်း. . . ငါ နင့်ကို ချစ်လွန်းလို့သာ စွန့်စားရမှာ ကြောက်တော့ကြောက်တယ်ဟ. . .'

'မကြောက်ပါနဲ့ဟာ၊ ငါ့နောက်လိုက်လို့ နင် ဘာမှမျက်နှာ မငယ်စေရဘူး၊ ဒါနဲ့ နေဦး. . . နင့်ကိုပြောရဦးမယ်. . .'

'ဘာလဲ. . .'

'ငါ့ကို ဘယ်အချိန်ထိ နင်တွေ ငါတွေ နဲ့ ပြောဦးမှာ လဲ. . .'

'ဟာ ခွင်းကလည်း. . . နောက်တော့ပြောမှာ ပေါ့၊ ခုတော့ ရှက်သေးတယ်ဟ၊ ငါ့ကျတော့ ပြောပြီး နင်ကရော ဘာလို့ နင်တေါ် ငါတွေ နဲ့ ပြောနေရတာ လဲ. . .'

'ငါက ကားပေါ်ရောက်ရင် ပြောမယ်လေ. . .'

'အဲဒါဆို ငါလည်း ကားပေါ်ရောက်ရင် ပြောမှာ ပေါ့. . .'

'တကယ်နော်. . .'

'အင်း. . .'

ခွင်းနဲ့ ချစ်သူ ဖြစ်ရတာ ငြမ်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုပင်။

•••